ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့၊ (5-8-2004) (၄၃၁၆)

ကာလေန ဓမ္မဿဝနံ ဧတံ မင်္ဂလ မုတ္တမံ။

သင့်လျော်သော အခါ၌ တရားနာခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ လေ့ကျင့်ပျိုးထောင်

ယနေ့ လူငယ်များ အသိအမြင် ဗဟုသုတကြွယ်ဝပြီး ပညာရည်မြင့်မားမှသာ မိမိတို့နှင့် ထိုက်တန်သည့် အမျိုးသား နိုင်ငံတော်ကြီးကို မိမိတို့ကိုယ်တိုင် တည်ဆောက်ကာကွယ်နိုင်မည်ဖြစ်သည်ဆိုသည့် သဘောထားခံယူချက် ထားရှိပြီး ယနေ့ ကျောင်းသူ၊ ကျောင်းသား လူငယ်များကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အမျိုးသားရေးအမြင်ကြည်လင်ထက်သန်သော၊ ထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရအောင် လေ့ကျင့်ပျိုးထောင်။

နိုင်ငံတော်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ထူးထူးခြားခြား ဖြစ်ထွန်းနေသည်ကို ထင်ရှားစွာ တွေ့နေရ ဆောင်ရွက်ဖွယ်အများအပြား ရှိနေသေးခြင်းကြောင့် အစိုးရနှင့်ပြည်သူ တက်ညီလက်ညီ ကြိုးပမ်းကြရဦးမည် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကြီးဖြစ်ထွန်းလာရေး စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်အောင် ကျရာအခန်းကဏ္ဍကဆောင်ရွက်ကြရန် အထူးလိုအပ်

ရန်ကုန် ဩဂုတ် ၄

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂)သင်တန်းဆင်းအခမ်းအနားကို ဩဂုတ် ၃ရက် နံနက် ၁၀နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၃ ရက်က ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်း အခမ်းအနားတွင် သင်တန်းသူစံပြဆုရရှိသော ပညာရေးဝန်ကြီးဌာန ရတနာပုံတက္ကသိုလ် ဘူမိဗေဒပညာဌာနမှ သရုပ်ပြ ဒေါ်ယဉ်ကေသွယ်ထွန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ သင်တန်းဆင်းအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်း အခမ်းအနား၌ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းစွမ်းဆောင်ကြရာတွင် ပဓာနအကျဆုံးဖြစ်သည့် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ၊ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို အနာဂတ်ကာလတွင် နိုင်ငံ့အကျိုးပြု အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးမှုများတွင် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာဆရာ၊ ဆရာမများအနေဖြင့် လွန်စွာမှအရေးပါလှသည့် အခန်းကဏ္ဍက ပါဝင် ကြိုးပမ်းစွမ်းဆောင်နေကြသည်ကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြုထားပြီးဖြစ်ကြောင်း။

ရိုးသားစွာကြိုးပမ်းလျက်ရှိ

နိုင်ငံတော် အစိုးရအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးနှင့် တိုင်းရင်းသားပြည်သူများ အားလုံး စိတ်အေးချမ်းမြေ့စွာ၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစွာနေထိုင်နိုင်ရေးတို့အတွက် ကိုယ့်အားကိုယ်ကိုး ရိုးသားစွာကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ **နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး**
- ✳ **အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး**
- ✳ **ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး**
- ✳ **ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး**

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ **စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
- ✳ **ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး**
- ✳ **ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး**
- ✳ **နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး**

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ **တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး**
- ✳ **အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး**
- ✳ **မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး**
- ✳ **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မွေးကင်းစကလေးများ အာဟာရပြည့်ဝရေး မိခင်နို့ချို စနစ်တကျ တိုက်ကျွေးပြုစု

နိုင်ငံတော်အစိုးရသည် နိုင်ငံသူ၊ နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေးမျှော်မှန်းချက်တစ်ရပ်အဖြစ် ဦးတည်ချမှတ်ပြီး စနစ်တကျ စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုရှိပြီး ပညာရည်မြင့်မားမှသာ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က မွေးကင်းစအရွယ်မှ သက်ကြီးရွယ်အိုအထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မိခင်နို့စနစ်တကျ တိုက်ကျွေးသော ဆေးရုံနှင့် မြို့နယ်အဖြစ် အသိအမှတ်ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို ဩဂုတ်လ ၁ ရက်က ရန်ကုန်မြို့ရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် မိခင်နို့ စနစ်တကျတိုက်ကျွေးသော ဆေးရုံအဖြစ် အသိအမှတ်ဂုဏ်ပြုဆုရရှိသည့် မြို့နယ်ပြည်သူ့ဆေးရုံ ၁၈ခု၊ မြို့နယ် ၁၈မြို့နယ်နှင့် ဂုဏ်ပြုဆုရမြို့နယ်တို့မှ သူနာပြု၊ ကျန်းမာရေးဆရာမနှင့် သားဖွားဆရာမ ကိုယ်စားလှယ်များအား ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ခဲ့သည်။

မိခင်နို့တိုက်ကျွေးခြင်းသည် ကလေးသူငယ်များ၏ အသက်ရှင်သန်ရေး၊ ကျန်းမာရေး၊ ကြီးထွားဖွံ့ဖြိုးရေးတို့အတွက် အလွန်အရေးကြီးသည်။ ထို့ကြောင့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး လှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၂၀ကျော်၌ နှစ်စဉ် ဩဂုတ်လ ပထမပတ်အတွင်း ကျင်းပခဲ့ကြသည်။

ယခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၏ ဆောင်ပုဒ်မှာ **လုံခြုံပြည့်ဝစိတ်ချရေး၊ မိခင်နို့(တစ်မျိုးတည်း)သာ တိုက်ကျွေးပေး**ဟူ၍ ဖြစ်သည်။ ရောဂါကင်း၍ ကျန်းမာစေခြင်း၊ အာဟာရပြည့်ဝခြင်း၊ ရေရှည်စိတ်ချလက်ချ တိုက်ကျွေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကြောင့် မွေးကင်းစမှ အသက်ခြောက်လအထိ ကလေးငယ်များအား မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်းသည် အကောင်းဆုံးဖြစ်ပေသည်။

ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ရာတွင် မိခင်နို့ချိုတိုက်ကျွေးရေးသည် မရှိမဖြစ်လိုအပ်သော အခြေခံကိစ္စ တစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မိခင်များက မိမိတို့၏ ရင်သွေးငယ်များအား နို့ချိုတိုက်ကျွေးကြသည့် အလေ့အထကို ခေတ်အဆက်ဆက်တွင် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြသည်။

မြန်မာမှုနယ်ပယ်တွင် မိခင်နို့ချိုသည် ကလေးငယ်အတွက် အာဟာရပြည့်ဝစေသည်သာမက ၅၂၈သွယ်သော မေတ္တာတို့ စီးဆင်းရာလမ်းကြောင်းလည်း ဖြစ်ပေသည်။ ကလေးငယ်အတွက် မိခင်ရင်ငွေ့ကို ခိုလှုံရသည့်အတွက် လုံခြုံမှု၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာမှုတို့ကို ရရှိစေသည်။ အဆိုပါ ရှေးဦးအယူအဆများသည် ခေတ်မီသိပ္ပံနည်းများဖြင့် ဆန်းစစ်သည့်အခါ မှန်ကန်ကြောင်း တွေ့ရှိလာကြသည်။ ယခုအခါ ကမ္ဘာတစ်ဝန်းလုံးတွင် မိခင်နို့ချိုတိုက်ကျွေးရေးကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

မိခင်တိုင်းက မိမိတို့ရင်သွေးငယ်များအား မိခင်နို့တိုက်ကျွေးရာတွင် သန့်သန့်ရှင်းရှင်းဖြင့် စနစ်တကျတိုက်ကျွေးကြရန် လိုအပ်သည်။ မိခင်နို့ကို မီးဖွားပြီး တစ်နာရီအတွင်း စောနိုင်သမျှစောစွာ တိုက်ကျွေးခြင်းသည် ရင်သွေးငယ်အား နို့ဦးရည်ကို အပြည့်အဝ သောက်စို့ခွင့်ပေးခြင်းဖြစ်သည်။ နို့ဦးရည်တွင် အာဟာရဓာတ်များ ကြွယ်ဝသည့်အပြင် ရောဂါအမျိုးမျိုးကို ခုခံကာကွယ်နိုင်သည့် ကိုယ်ခံစွမ်းအားဓာတ်များလည်း ပါရှိသဖြင့် ရင်သွေးငယ်အတွက် ပထမဆုံးသော ရောဂါကာကွယ်ဆေး၊ အသက်ရှည်ဆေးဟူ၍ပင် တင်စားနိုင်သည်။

ထို့ကြောင့် မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးကို မွေးကင်းစကလေးအရွယ်မှစ၍ အပြည့်အဝရရှိ ခံစားနိုင်ရန်အတွက် မိခင်တိုင်းက ရာခိုင်နှုန်းပြည့် စနစ်တကျ တိုက်ကျွေးလာစေရေး စည်းရုံး ဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မိခင်တိုင်းက မိမိတို့၏ မွေးကင်းစရင်သွေးငယ်များအတွက် အာဟာရပြည့်ဝ ကျန်းမာမှုရရှိစေသည့် မိခင်နို့တိုက်ကျွေးရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများ၏ အကြံဉာဏ်အကူအညီများနှင့်အညီ ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုများမှသည် စဉ်ဆက်မပြတ် တိုက်ကျွေးပြုစုဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ခေတ်အသီးသီး၏ အခြေအနေမှန် စုစုစည်းစည်း လေ့လာနိုင်ရန်ရည်ရွယ် ခေတ်လေးခေတ်သမိုင်းမှတ်တမ်း ပြန်ကြားရေးဝန်ကြီးဌာနက ပြုစုလျက်ရှိ

ရန်ကုန် ဩဂုတ် ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ခေတ်လေးခေတ် သမိုင်းအထောက်အထား မှတ်တမ်းပြုစုရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ခေတ်လေးခေတ် သမိုင်းအထောက်အထားမှတ်တမ်း ပြုစုရေး ကော်မတီဝင်များ၊ စစ်ထောက်ချုပ်ရုံးနှင့် တိုင်းစစ်ဌာနချုပ်များမှ ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့မှ ကိုယ်စားလှယ်များ၊ ရန်ကုန်တက္ကသိုလ်သမိုင်းဌာနနှင့် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတို့မှ ပါမောက္ခများ၊ ပညာရှင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားတင်ပြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေး ကျင်းပရခြင်းမှာ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ခေတ်လေးခေတ် သမိုင်းမှတ်တမ်း၌ ပြည်နယ်၊ တိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း အချက်အလက်များ ပြည့်စုံစွာရရှိရေးအတွက် ခေါ်ယူညှိနှိုင်းခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ၁၉၈၈ခုနှစ်မှ ၂၀၀၄ခုနှစ် မတ် ၃၁ရက်အတွင်း ပြည်နယ်၊ တိုင်းအလိုက် ကိုယ့်အားကိုယ်ကိုး ပြုလုပ်ခဲ့သော ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ပြုလုပ်ခဲ့သော လမ်း၊ တံတား အပါအဝင်ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး ကဏ္ဍအားလုံးတွင် ဖွံ့ဖြိုးတိုးတက်မှု စာရင်းများရရှိရန် ခေါ်ယူညှိနှိုင်းခြင်းဖြစ်ကြောင်း၊ ခေတ်လေးခေတ်သမိုင်းမှတ်တမ်းပြုစုရခြင်း၏ ရည်ရွယ်ချက်များမှာ ယနေ့ခေတ်လူလတ်ပိုင်း၊ လူငယ်လူရွယ်များနှင့် နောင်မွေးဖွားလာကြမည့် လူငယ်များအတွက်ပါ ခေတ်အသီးသီး၏ တကယ့်အခြေအနေမှန်ကို တစ်နေရာတည်းတွင် စုစုစည်းစည်း လွယ်လွယ်ကူကူ လေ့လာသိရှိနိုင်စေရန်နှင့် လွဲမှားသည့် အတွေးအခေါ် ယူဆချက်များ မရှိစေရန်တို့ဖြစ်ကြောင်း၊ သို့ပါ၍ ၁၉၈၈ခုနှစ်မှ ၂၀၀၄ ခုနှစ် မတ်လအထိ ပြည်နယ်၊ တိုင်းအလိုက် မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေးစသည့် ကဏ္ဍအသီးသီးတွင် အောင်မြင်တိုးတက်လာမှုများကို ခိုင်မာသည့် အထောက်အထား ဓာတ်ပုံများဖြင့် ပြုစုပေးပို့ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီလက်ထက် သမိုင်းမှတ်တမ်း ပြုစုရေး အဖွဲ့ခေါင်းဆောင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် လိုလားချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များ၊ စစ်ထောက်ချုပ်ရုံး၊ မန္တလေးမြို့ စည်ပင်သာယာရေး ကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့မှ ကိုယ်စားလှယ်များက တင်ပြဆွေးနွေးကြသည်။

အကြံပြုဆွေးနွေး

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်က သမိုင်းအထောက်အထား မှတ်တမ်းပြုစုရာတွင် အချက်အလက်များ တင်ပြခြင်းနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ခေတ်လေးခေတ် သမိုင်းအထောက်အထား မှတ်တမ်းပြုစုရေး ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် သမိုင်းမှတ်တမ်း ပြုစုရေးအဖွဲ့ခေါင်းဆောင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ကျန်းမာရေးအသိပညာပေးဟောပြောပွဲ လှိုင်သာယာစက်မှုဇုန်(၃)၌ကျင်းပ

ရန်ကုန် ဩဂုတ် ၄

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့၏ အမျိုးသမီးများအား ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂ရက် ညနေ ၄နာရီတွင် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃)ရှိ တိုင်ရီဖိနပ်ချုပ်စက်ရုံတွင် ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ စက်ရုံမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသမီးဝန်ထမ်းများ စုစုပေါင်း ၁၀၀၀ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျန်းမာရေးလုပ်ငန်းအဖွဲ့မှ အကြံပေးပုဂ္ဂိုလ် ဒေါက်တာဒေါ်တင်လင်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ပိုးမွှားနှင့် မျိုးပွားအင်္ဂါရာယ်အကြောင်း သိကောင်းစရာကို သားဖွားနှင့်မီးယပ်ရောဂါ အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဒေါ်သန်းသန်းတင်ကလည်းကောင်း၊ အာဟာရအကြောင်း သိကောင်းစရာကို အာဟာရဇီဝပညာရှင် ဒေါက်တာဖြူဖြူအောင်ကလည်းကောင်း ဟောပြောကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ လှိုင်သာယာစက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီက ငွေကျပ်နှစ်သိန်း၊ ဦးစိန်ဦး(တိုင်ရီကုမ္ပဏီလီမိတက်)က ငွေကျပ်နှစ်သိန်း၊ ဦးကျော်အောင်(ဘင်ဟာထရေးဒင်း)က ငွေကျပ်တစ်သိန်း၊ ဦးအုန်းဆိုင်(နယူးဂိုးဒင်းဂိတ်)က ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

(⚋) ဝါတွင်းဥပုသ်နေ့တိုင်း တရားပွဲကျင်းပမည် (⚋)

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့ကကြီးမှူး၍ သဃ်္ဃန်းကျွန်းမြို့ ကျိုက္ကဆံအနောက်ရပ်၊ ဂုဏလက်ာရ(နတ်မြစ်)ကျောင်းမှ ဘဒ္ဒန္တစိန္တာမယ(ဓမ္မာစရိယ၊နယ်လှည့်သာသနာပြုဓမ္မကထိက)သည် ဝါတွင်းဥပုသ်နေ့တိုင်း နံနက် ၉ နာရီတွင် သီလပေးတရားဟောကြားပြီး မွန်းလွဲ ၁ နာရီမှ ၃ နာရီနှင့် ညနေ ၄ နာရီမှ ၅ နာရီထိ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ခန္ဓာကိုယ်တွေ့ပဋိစ္စသမုပ္ပာဒ် တရားဟောကြားမည်ဖြစ်သည်။ (က-ပ)

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၆)

ပေါက်စ

“ဘုံခလေ့မမွတာပေမို့ ကြုံတွေ့တာတကယ်မဆန်းပါဘူး၊ ပရမ်းပတာ အတင်းအဖျင်းအထုပ်စုတ်တွေနဲ့ သတင်းလုပ်ကာ ကြေညာတယ်ကွယ့် စေတနာဉာဉ်ဆိုးလှပါကလား၊ မြေကမ္ဘာအမြင်ဆိုးလှချည်ရဲ့ သူခိုးစရိုက်အသွင်တွေက အမျိုးပါနိုက်လိမ့်မယ်ကွယ့် (ဘီဘီစီရေ ...)အမိုက်နင့်ပြင် မရှိတော့ပါလား”

သို့ကလိုသော ဇာတ်ငိုချင်းနဲ့ပဲ ပေါက်စ ပဏာမခြေဆင်းလိုက်ရတဲ့ အကြောင်းရင်းကို မောင်းကြေးနင်းမခတ်ဘဲ ဖြစ်ရပ်အမှန်နဲ့ နတ်သံနှောပြီး ပြောပါ့မယ်ခင်ဗျာ။

ဒီလိုပါခင်ဗျ၊ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့ ည ၈ နာရီ ၁၅ မိနစ်မှာ BBC အသံလွှင့်ဌာနက ရန်ကုန်မြို့လယ်ကောင်တွင် တစ်ကိုယ်တော်ဆန္ဒပြမှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း တင်ပြချက်ဆိုပြီး သတင်းခေါင်းစီးတပ်ထားတဲ့ သတင်းတစ်ပုဒ်ကို ထုတ်လွှင့်ကြေညာသွားသဗျ။

အဲ-အဲ BBCက သတင်းကို ဘယ်လိုကြေညာသွားသလဲဆိုရင် ဗုဒ္ဓဟူးနေ့တစ်နေ့က နေ့လယ် ၁၁ နာရီခွဲလောက်မှာ ရန်ကုန်မြို့လယ်ကောင်မှာ တစ်ကိုယ်တော် ဆန္ဒပြမှုတစ်ရပ် ဖြစ်ပွားခဲ့လို့ အဲဒီဆန္ဒပြသူကို အာဏာပိုင်တွေက ဖမ်းဆီးခဲ့တယ်ဆိုတဲ့ သတင်းကိုလည်း ပြောပါရစေရှင်တဲ့ခင်ဗျာ။ အဲသလို သတင်းပဏာမစကား ပြောပြီးတဲ့နောက် အကျဉ်းသားများကာကွယ်စောင့်ရှောက်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူးဆိုသူ ဘိုကြည်နဲ့ ဗျူးတော့တာပဲခင်ဗျ။

အဲဒီဗျူးစကားရဲ့အနှစ်ချုပ်ကတော့ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့ နေ့ခင်း ၁၁ နာရီလောက်က ရန်ကုန်မြို့ ဆူးလေဘုရားနဲ့ မြို့တော်ခန်းမကြားထဲမှာ ကိုလေး(ခ) သန်းဇော်ဌေးဟာ တောင်းဆိုချက် သုံးရပ်ကို တောင်းဆိုပြီး တစ်ကိုယ်တော်ဆန္ဒပြတဲ့အတွက် ထောက်လှမ်းရေးတွေနဲ့ ရဲတွေရဲ့ ဖမ်းဆီးတာခံရတဲ့အကြောင်း၊ ဘယ်နေရာမှာရှိတယ်ဆိုတာ မသိရသေးတဲ့အပြင် ကိုလေး(ခ) သန်းဇော်ဌေးဟာ ထောင်ဒဏ် ခုနစ်နှစ်ကျသွားနိုင်တဲ့ အလားအလာရှိကြောင်း၊ သန်းဇော်ဌေးဟာ ဘယ်အဖွဲ့အစည်းကမှမဟုတ်ဘဲ သာမန်အရပ်သားတစ်ဦးသာဖြစ်ကြောင်း ထုတ်လွှင့်ကြေညာသွားတယ်ဗျာ။

အခုလို BBCက ထုတ်လွှင့်တဲ့ မူလသတင်းကြေညာချက်ကို သတင်းစာသမားတစ်ဦးအမြင်နဲ့ သေသေချာချာ သတိထားပြီးကြည့်လိုက်ရင် သတင်းအရင်းအမြစ်မတွေ့ဘဲနဲ့ ဘယ်က ဘယ်နည်းနဲ့ ရလာမှန်းမသိတဲ့ သတင်းတစ်ပုဒ်ကို ရမ်းတုတ်သဘောမျိုးကြေညာပြီးမှ ဘယ်မှာဖြစ်တာလဲ၊ ဘယ်နေ့ဘယ်အချိန်ကလဲ၊ ဘယ်သူလဲဆိုတာတွေ ဗျူးနေတာကတော့ နိုင်ငံတကာသတင်းမီဒီယာ စာရင်းဝင် အင်းဝင် BBC အတွက် ရှက်တတ်မယ်ဆိုရင် မြဝတီရုပ်သံဇာတ်လမ်းတွဲတွေထဲက တရုတ်ဇာတ် ဆောင်တွေပြောသလိုမျိုး ကျွန်တော်မျိုးကြီး သေသင့်ပါတယ်ဆိုတဲ့ စကားကလွဲလို့ အခြားစကားပြောဖို့ မရှိတော့တာ သိပ်သိပ်ပြီး သေချာနေပါတယ်ခင်ဗျာ။

ဘယ့်နှယ်ဗျာ၊ ဘယ်လိုအကြိုအကြားက ဝင်လာမှန်းမသိတဲ့ အတင်းအဖျင်းအထုပ်စုတ်ကို သတင်းလုပ်ကြေညာပြီးတော့မှ သတင်းအရင်းအမြစ်ကို မျက်ကလဲဆန်ပျာ ဟိုရှာဒီရှာနဲ့ ဗျူးနေတာတွေဟာ BBCရဲ့ သတင်းနည်းပညာလားလို့ ပေါက်စမေးရင် ဘယ်လိုဖြေမလဲခင်ဗျာ။

ရိုးရိုးလေးပါပဲခင်ဗျ၊ ပေါက်စတို့ဟာ အောက်ခြေသိမ်းကော်လံစားသတင်းထောက်ဘဝကနေ ဒီနေ့ကာလအထိ သတင်းသမားဘဝကို ဖြတ်သန်းလာတဲ့ အတွေ့အကြုံအရ မပြည့်စုံတဲ့သတင်းတစ်ပုဒ်ကို ဘယ်သောကာလမှ သတင်းစာရဲ့ စာမျက်နှာပေါ်မှာ မတင်ရ၊ မရေးရ၊ မဖော်ပြရဆိုတဲ့ သတင်းသမားတစ်ဦးအတွက် ထိန်းသိမ်းစောင့်ရှောက်လိုက်နာရမယ့် ကျင့်ဝတ်သီလအဖြစ် လမ်းညွှန်ဆုံးမဩဝါဒပေးခဲ့တဲ့ သတင်းစာဆရာကြီးတွေရဲ့ ကျေးဇူးတရားဟာ ပေါက်စအနေနဲ့ သေတဲ့အထိ ဆပ်မကုန်အောင်ကြီးမားခဲ့တယ်ဗျာ။

သို့သော်လည်းပေါ့ဗျာ၊ ဒီနေ့ကာလမှာတော့ BBC အပါအဝင် ပြည်ပသတင်းမီဒီယာအချို့ဟာ အဘယ်မည်သော အမှောင့်အဖျက် ပယောဂတွေ ဝင်ရောက်စွက်ဖက်နေသလဲတော့ မသိဘူးခင်ဗျ။ မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို သိက္ခာကျစေနိုင်တဲ့ သတင်းမှန်သမျှ လာကြလာကြလို့ ကြေညာပြီး မဖိတ်ခေါ် မကမ်းလှမ်းတာက လွဲလို့ သဲသဲမဲမဲ ဖွဲကြီးကြီးနဲ့ ထုတ်လွှင့်ကြေညာနေတာတွေဟာ အဘယ်မည်သော ဒီမိုကရေစီဝေဒနာတွေပါလဲလို့ ပေါက်စ မေးချင်သဗျ။

ရှင်းရှင်းလေးပဲခင်ဗျ၊ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ ဆိုတာတွေကို မြန်မာနိုင်ငံမှာ ဖြစ်ထွန်းရှင်သန်စေချင်တဲ့ စေတနာတရား ဖြူစင်စွာထားရှိမှန်ရင် အခုလိုမျိုး မရိုးသားတဲ့စိတ်ဓာတ်နဲ့ နိုင်ငံရေးအမြတ်ထုတ်ဖို့ အတွက် မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရအပေါ် မတော်မတရားပုတ်ခတ်နေတာဟာ ဘာကမှ အလုပ်မဖြစ်တဲ့ ကလိမ်ကကျစ်လုပ်နည်းလုပ်ဟန်တွေပဲဖြစ်သဗျ။

အခုပဲကြည့်ဗျာ၊ တစ်ကိုယ်တော်ဆန္ဒပြတယ်ဆိုတာ ကာယကံရှင် သန်းဇော်ဌေး(ခ)ကိုလေး(ခ)ခွေးလေးရဲ့ မူလပကတိ ဇာတိစိတ်မဟုတ်ဘဲ သူခံစားနေရတဲ့ စိတ်ဝေဒနာအရ ထင်ရာမြင်ရာ စိတ်ကစဉ့်ကလျားဖြစ်ပြီး အော်ဟစ်နေတာကို တောင်းဆိုချက် သုံးရပ်တောင်းဆိုတယ်လို့ ဘာသာပြန်အနက်ဖွင့်ပြတဲ့ အကျဉ်းသားများ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဟာ စိတ္တဇဝေဒနာသည်များရဲ့ ဘာသာပြန်ဆရာကြီးများအလုပ်ပါ ပူးတွဲလုပ် ဆောင်နေကြပါကလားလို့ ပေါက်စ အခမဲ့သနားမိသဗျ။ ကို တရားရှိသူများက စိတ်ကျန်းမာရေးဆေးရုံကြီးမှာ ဆေးဝါးကုသမှုခံယူဖို့ ပို့ဆောင်လိုက်တယ်လို့ သိရပါတယ်ခင်ဗျာ။

ကဲ-ဘယ်နှယ့်ရှိစလို့ BBC နဲ့ AAPPက ပုဂ္ဂိုလ်အကောင်းစားကြီးများကို ပေါက်စ လက်တို့မေးချင်သဗျ။ **ဖြစ်စဉ်အမှန်ကို ထိမ်ချန်ပြီး ကလိမ်ဉာဏ်စရိုက်နဲ့ မိုက်မိုက်မဲမဲ လုပ်ကြံလီဆယ် ဖန်တီးထားတဲ့ သတင်းအဖျင်းတွေဟာ ဘယ်သောကာလမျှ သတင်းဖြစ်မလာနိုင်ပါဘူးခင်ဗျာ။ အဲ- ဥပမာစကားလေးနဲ့ ပြောရရင်တော့ ဖွတ်ကို မိကျောင်းလုပ်လို့မရသလို၊ ဖားပြုပ်ကိုလည်း ခြင်္သေ့လုပ်ပြီး ဟိန်းခိုင်းလို့မရသလိုပေါ့လေ။ AAPP နဲ့ BBC တို့ရဲ့ သတင်းအဖျင်း အထုပ်အစုတ်တွေဟာလည်း သတင်းလုပ် ထုတ်လွှင့်နေပေမယ့် ပေါက်စတို့ မြန်မာပြည်သူ ခုနစ်ရက်သားသမီးများက မယုံရေးချ မယုံကြတဲ့အတွက် အရှက်နဲ့သိက္ခာတရားကို ထောက်ထားပြီး အဘိဓ္ဓာမပွားကြစေချင်ဘူးဗျာ။**

ကြည့်လည်းလုပ်ဦး BBC ရေ၊ ဘာကမျှမကြာသေးတဲ့ ဇူလိုင်လ ၄ ရက်နေ့ကလည်း AAPP ရဲ့ စောင်မကြည့်ရှုလိုက်တဲ့ကောင်းမှုနဲ့ VOA ဟာ ဆေးစွဲနေတဲ့ ဘိန်းစားငနဲကို မူးယစ်ဆေးဝါးဥပဒေအရ အရေးယူတာနဲ့ ပတ်သက်ပြီး ဘာကမျှမစုံစမ်း၊ မမေးမြန်း၊ မလေ့လာတော့ဘဲ နိုင်ငံရေးအရောင် ခြယ်သ

ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ ဆိုတာတွေကို မြန်မာနိုင်ငံမှာ ဖြစ်ထွန်းရှင်သန်စေချင်တဲ့ စေတနာတရား ဖြူစင်စွာထားရှိမှန်ရင် အခုလိုမျိုး မရိုးသားတဲ့စိတ်ဓာတ်နဲ့ နိုင်ငံရေးအမြတ်ထုတ်ဖို့ အတွက် မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရအပေါ် မတော်မတရားပုတ်ခတ်နေတာဟာ ဘာကမျှ အလုပ်မဖြစ်တဲ့ ကလိမ်ကကျစ်လုပ်နည်းလုပ်ဟန်တွေပဲဖြစ်။

ဘာလို့လဲဆိုတော့ တစ်ကိုယ်တော်ဆန္ဒပြတယ်ဆိုတဲ့ သန်းဇော်ဌေး(ခ) ကိုလေး(ခ)ခွေးလေးဟာ စိတ္တဇဝေဒနာ ခံစားနေရသူဖြစ်သလို သူရဲ့မွေးချင်းညီအစ်ကို မောင်နှမကိုးယောက်ထဲမှာ အစ်ကိုနှစ်ယောက်ဟာ စိတ်ဝေဒနာရောဂါနဲ့ ကွယ်လွန်ဆုံးပါးခဲ့ပြီး အစ်ကိုတစ်ယောက်ကတော့ စိတ်ဝေဒနာဖောက်ရာက ပျောက်ဆုံးနေတာ ဒီနေ့အထိ ရှာမတွေ့သေးပါဘူးတဲ့။။

အဲ-သန်းဇော်ဌေး(ခ)ကိုလေး(ခ)ခွေးလေးဟာလည်း ထိုနည်းလည်းကောင်းပဲပေါ့လေ၊ တစ်ခါတစ်ရံ စိတ်ဖောက်ပြန်ပြီး ကယောင်ကတမ်းပြောဆိုတာတွေ၊ အရက်ကလေးများ တစ်ပက်၊ နှစ်ပက်လောက် သောက်မိရင် စိတ်မထိန်းနိုင်ဘဲ အော်တတ်ဟစ်တတ်တာတွေ ဖြစ်တတ်တဲ့အကြောင်း သူ့ရဲ့အစ်မရင်းဖြစ်သူက လုံခြုံရေးအဖွဲ့ကို ပွင့်ပွင့်လင်းလင်း ရှင်းပြပါတယ်ဗျာ။

ဘယ်လိုတွေလဲခင်ဗျာ။ BBC တို့၊ အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့တို့ဆိုတာတွေဟာ အဲသလို သတင်းအခြေအမြစ်နဲ့ ဖြစ်ရပ်မှန်တွေကို ဘာကမျှ မလေ့လာ၊ မမေးမြန်းတော့ဘဲ ရမ်းတုတ်မှန်းတုတ်နဲ့ မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို သိက္ခာချ ပုတ်ခတ်ရေးအတွက် အကွက်ချစီစဉ်ကြတာလားခင်ဗျာ။

ပြောစရာရှိသမျှ ပြောကြစတမ်းဆိုရင် BBC အသံလွှင့်ဌာနက ထုတ်လွှင့်ခဲ့တဲ့ တစ်ကိုယ်တော် ဆန္ဒပြတယ်ဆိုတဲ့နေ့က အမှန်တကယ်ဖြစ်ရပ်ဟာ ဘာတစ်ကိုယ်တော်ဆန္ဒပြတာမှ မဟုတ်ပါဘူးခင်ဗျာ။ အဲဒီနေ့က သန်းဇော်ဌေးဟာ အရက်တွေ အလွန်အကျွံမူးပြီး စိတ်ကစဉ့်ကလျားဖြစ်လာတော့ လမ်းလယ်ကောင်မှာ မူးကြောင်ရူးကြောင်နဲ့ အော်ချင်ရာတွေ အော်နေတဲ့ သူ့အခြေအနေကို လုံခြုံရေးအဖွဲ့တွေက မြင်လာတဲ့အခါမှာ သူ့အပေါ်ကျရောက်လာမယ့် အန္တရာယ်အတွက် ကြိုတင်ကာကွယ်တဲ့အနေနဲ့ သန်းဇော်ဌေး(ခ)ကိုလေး(ခ)ခွေးလေးကို ထိန်းသိမ်းစောင့်ရှောက်တာပဲ ဖြစ်ပါတယ်ဗျာ။

အဲသဟာအပြင် AAPPတွဲဖက်အတွင်းရေးမှူးဆိုသူ ပုဂ္ဂိုလ်အထီးအကောင်းစားကြီး ဘိုကြည်ပြောသလို ထောင်ခုနစ်နှစ်လည်းကျခံစရာမရှိဘဲ သူ့ရဲ့စိတ်ဝေဒနာရောဂါကိုဆေးကုသမှုခံယူဖို့အတွက် သန်းဇော်ဌေး(ခ)ကိုလေး(ခ)ခွေးလေး မွမ်းမံ ထားတဲ့သတင်းအဖြစ်နဲ့ ညစ်ကျယ်ကျယ်အော်ခဲ့၊ ဟစ်ခဲ့လို့ ပွဲကျသွားတဲ့ သိက္ခာတောင် ပြန်ဆယ်လို့မရသေးဘဲ လတ်လတ်ဆတ်ဆတ်ကြီး ရှိနေသေးရဲ့ဗျာ။ အခုလည်း အရက်တွေ အလွန်အကျွံသောက်လို့ မူးကြောင်ရူးကြောင်ဖြစ်ပြီး ပါးစပ်ထဲတွေ့ရာအော်နေဟစ်နေတဲ့စိတ်ရောဂါသည်ရဲ့ ရောဂါဖောက်လာတာကိုပဲ AAPP တွဲဖက်အတွင်းရေးမှူးဆိုသူ ပုဂ္ဂိုလ်အထီးအကောင်းစားကြီး ဘိုကြည်က ဘယ်လိုတွေ လုပ်ကြံဖန်တီး ပုံဖော်ထုဆစ်လာသလဲဆိုရင် တစ်ကိုယ်တော် ဆန္ဒပြတာတွေကော၊ တောင်းဆိုချက်တွေကော၊ ထောင်ခုနစ်နှစ်ကျနိုင်တယ် ဆိုတာတွေကော အားလုံးရောနှောမွှေနှောက်ထားတဲ့ အောက်တန်းအကျဆုံး အတင်းအဖျင်းအထုပ်စုတ်နဲ့ BBCကို သတင်းလုပ်ပေးပို့ခဲ့သလို BBC ကလည်း လာလေကြာသလားလို့ပေါ့ဗျာ။ မထူးဆန်းတဲ့ ဗျူးခန်းနဲ့ ထုတ်လွှင့်ပေးခဲ့သဗျ။

အဲဒီလိုမျိုးစိတ်ရောဂါသည်ရဲ့ဝေဒနာကို အရင်းလုပ်ပြီး နိုင်ငံရေးအမြတ်ထုတ်ဖို့ ကြံတတ်ဖန်တတ်တဲ့ AAPP ရဲ့မဟာရွှေဉာဏ်တော်စူးရှထိရောက်ပုံမျိုးတွေနဲ့အတူ AAPPရဲ့ အကြံအဖန် မဟာရွှေဉာဏ်တော်ကို ပုံဖော်ထုတ်လွှင့်ပေးခဲ့တဲ့ BBCရဲ့ မီဒီယာနည်းပညာတွေဟာ ဘယ်လောက် ကြည်ညိုဖွယ်ကောင်းသလဲဆိုတာ ပေါက်စရဲ့အိမ်ခါးပန်းမှာ သားသမီးမြေးမြစ်၊ တီတွတ်ကျွတ်အထိ အလွတ်ရအောင် အာဂုံဆောင်မှတ်သားနိုင်ဖို့ ထုံးတို့တဲ့ကမ္ပည်းနဲ့ ကြီးကျယ်စွာ မှတ်တမ်းတင်ထားပါမယ်ခင်ဗျာ။

အဲ-ပေါက်စရဲ့စကားကို နိဂုံးကမွတ်အဆုံးသတ်ပါတော့မယ်ခင်ဗျာ။ အခုလိုတွေ၊ အတင်းအဖျင်းစကားတွေနဲ့ သတင်းအမှားအလိမ်တွေကို မတရားကလိမ်ဉာဏ်ဆင်ပြီး မြန်မာနိုင်ငံနဲ့မြန်မာအစိုးရကို ဂုဏ်ပျက်အောင်ပုံဖျက်လုပ်ကြံဖန်တီးထုတ်လွှင့်နေကြတဲ့ AAPPနဲ့ BBCတို့ရဲ့ အကျင့်စရိုက်ဉာဉ်တွေဟာ အမိုက်နင့်ပြင် မရှိတဲ့အတွက် ရှက်ကြော မပြတ်သေးဘဲ အရှက်တရားပါးပါးလေးပဲ ရှိဦးမယ်ဆိုရင်တော့ **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ** လို့ပဲ ပေါက်စအခမဲ့ ကိုယ်စား၊ ကိုယ်ပွားခံစားမိတဲ့အကြောင်း စလောင်းမပါဘဲ မောင်းအခါခါခတ်ပြီး ကြေညာအပ်ပါတယ်ခင်ဗျား။ ။

(၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဩဂုတ် ၄

ဗဟန်းမြို့နယ်ပဏ္ဍိတာရာမရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ကုသိုလ်ပါဝင်လိုသူများ သင်္ကန်း ဒွိစုံတစ်စုံလျှင် ကျပ် ၂၀၀၀ နှုန်းနှင့် ဆွမ်းအလှူတစ်ပါးလျှင်ကျပ် ၅၀၀ နှုန်းဖြင့်အမှတ် ၈၀(က) သံလွင်လမ်း ဗဟန်းမြို့နယ်ရှိ ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဇူလိုင် ၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက နဝဒေးလမ်းမကြီးဘေးဝဲယာရှိ ချုံနွယ်ပိတ်ပေါင်း ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးအေးမြင့်၊ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းဆန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၈-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၂၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅	၈။	မျိုးချစ်တပ်မတော်
၅:၀၅	၉။	**အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Index Numbers (ဒုတိယနှစ်-စီးပွားရေး)
၅:၄၅	၁၀။	သာယာသိကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၅။	မြန်မာ့ရှုခင်း
၆:၄၀	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်"(အပိုင်း-၁၃)**
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား" (ဒုတိယတွဲ)(အပိုင်း-၄)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

ဩဂုတ် ၁ ရက်က ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူ အီရတ်တစ်ဦးကို ဆေးရုံ၌ ဆေးဝါးကုသပေးနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်နှင့် ပူးပေါင်းသူတစ်ဦးအား ပြောက်ကျားများ ပစ်သတ်

ဘဂ္ဂဒက် ဩဂုတ် ၃

ခုခံတိုက်ခိုက်ရေးသမားများက ဆရာအတတ်သင်တက္ကသိုလ်အကြီးအကဲကို အမေရိကန်ထောက်ခံသော အီရတ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုရန် ကြိုတင်သတိပေးထားခဲ့သည်။ ထိုသတိပေးချက်ကို ဂရုမမူသည့်အတွက် သေနတ်သမားများက ၎င်းဆရာအတတ်သင်တက္ကသိုလ်၏ အကြီးအကဲကို ပစ်သတ်လိုက်ကြောင်း ရဲတပ်ဖွဲ့မှရရှိသောသတင်းအရသိရသည်။

ထိုဆရာအတတ်သင်တက္ကသိုလ်မှာ ဘဂ္ဂဒက်မြို့၏ တောင်ဘက်တွင် တည်ရှိသော မာမွတ်ဒီယာ ဆရာအတတ်သင် တက္ကသိုလ်ဖြစ်ပြီး အသတ်ခံရသော အကြီးအကဲ၏ အမည်မှာ အစ္စမေးလ်အလ်ခီလာဘီ ဖြစ်သည်။ ၎င်းမှာ ကြာသပတေးနေ့က လုပ်ကြံခံခဲ့ရခြင်းဖြစ်သည်။ ညနေပိုင်းတွင် သေနတ် ပစ်ခံခဲ့ရခြင်းဖြစ်သည်ဟု ရဲအရာရှိဖြစ်သူ အလ္လာဟူစိန်က ပြောကြားသည်။

ကြိုတင်သတိပေး

အီရတ် ကြားဖြတ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုရန် ဆရာကြီး အလ်ခီဘီလာထံ ခုခံရေးသမားများက ကြိုတင်သတိပေးချက်များ ပေးပို့ခဲ့ကြသည်ဆိုသောအချက်ကို ဟူစိန်ကပြောကြားခဲ့သည်။ ၎င်းအရာရှိမှာ မာမွတ်ဒီယာရဲစခန်းမှ ဖြစ်သည်။

ပစ်မှတ်ထား

ခုခံရေးသမားများက အမေရိကန်နှင့် အပေါင်းပါများကို ပြန်လည်ဆန့်ကျင်တိုက်ခိုက်နေကြသည်မှာ ၁၅ လရှိသွားပြီဖြစ်သည်။ ထိုကာလအတွင်း ခုခံရေးသမားများသည် အီရတ်ရဲတပ်ဖွဲ့ဝင်များ၊ အစိုးရအရာရှိများ၊ လူမျိုးစုခေါင်းဆောင်များကို ပစ်မှတ်ထား၍ တိုက်ခိုက်ခဲ့ကြသည်။

ယင်းသို့ ပြုလုပ်ခြင်းမှာ အမေရိကန်ဦးဆောင်သောအဖွဲ့ကို ဆန့်ကျင်ပြီး နိုင်ငံကို မတည်မငြိမ် ဖြစ်စေရန် လုပ်ဆောင်ခြင်း ဖြစ်သည်ဟုဆိုသည်။

အင်တာနက်။

အယ်လ်ဆာဒါ၏တပ်ဖွဲ့ဝင်များနှင့် ကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွား

နာဂျက်ဖ် (အီရတ်) ဩဂုတ် ၃

အမေရိကန် တပ်ဖွဲ့ဝင်များက ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ၏ နေအိမ်အား ချဉ်းကပ်ခဲ့ကြပြီးနောက် နာဂျက်ဖ်တွင် တနင်္လာနေ့ ညနေပိုင်းက တိုက်ခိုက်မှုဖြစ်ပွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အပြန်အလှန် ပစ်ခတ်

အယ်လ်ဆာဒါ၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်များက အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အပြန်အလှန် ပစ်ခတ်ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက အယ်လ်ဆာဒါ၏နေအိမ်ကို ဝိုင်းပတ်ထားကြောင်း ဘဂ္ဂဒက်ရှိ ဆာဒါ၏ပြောရေးဆိုခွင့်ရှိသူ အယ်လ်ဆူဒါနီက ပြောကြားသည်။

စတင်တွန်းလှန်

အယ်လ်ဆာဒါက အမေရိကန်ဦးဆောင်တပ်ဖွဲ့ဝင်များအား ဧပြီလအတွင်းကတည်းက စတင်တွန်းလှန်တိုက်ခိုက်ခဲ့ရာ အီရတ်နိုင်ငံရှိ ရှီးယိုက်လူမျိုးတို့နေထိုင်ရာဒေသများအတွင်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် မပြုလုပ်မီ ရက်သတ္တပတ်များတွင် လူပေါင်းရာချီ၍ သေဆုံးခဲ့ကြသည်။

အမ်အင်အေ၊ ရိုက်တာ။

ဗြိတိသျှတပ်ဖွဲ့များ လာမည့်နှစ်တွင် အီရတ်မှ ရုပ်သိမ်းတော့မည်ဟုဆို

လန်ဒန် ဩဂုတ် ၃

အီရတ်နိုင်ငံရောက် ဗြိတိသျှတပ်ဖွဲ့များကို ရှေ့နှစ်ကုန်တွင် ရုပ်သိမ်းသွားစရာရှိကြောင်း တနင်္ဂနွေနေ့ထုတ် တိုင်းမ်သတင်းစာက ဖော်ပြသည်။

လာမည့်နှစ်တွင် အီရတ်နိုင်ငံ၌ အစိုးရသစ် တက်လာသောအခါ အစိုးရသစ်အနေဖြင့် နိုင်ငံခြားတပ်ဖွဲ့အများအပြားကို အီရတ်မြေပေါ်၌ရှိနေသည်ကို လိုလားကြလိမ့်မည်မဟုတ်ဟု ဗြိတိသျှအထက်တန်းစစ်အရာရှိများက ယုံကြည်နေကြကြောင်း သတင်းတွင် ရေးသားထားသည်။

— ကိုးကားဖော်ပြ —

ဖော်ပြပါ သတင်းများကို တိုင်းမ်သတင်းစာသည် ဒုတိယဗိုလ်ချုပ်ကြီး အင်ဒရူးရစ်ချ်ဝေးကို ကိုးကား၍ ဖော်ပြခဲ့ခြင်းဖြစ်သည်။၎င်းသည် ဗြိတိန်နိုင်ငံ ကာကွယ်ရေးဌာန၏ ထောက်လှမ်းရေးဌာန အကြီးအကဲဖြစ်သည်။ အီရတ်ရှိ နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်ကြရာ၌ ထိုနိုင်ငံမှ နိုင်ငံခြားတပ်ဖွဲ့များ ထွက်သွားရေးကိစ္စကို အာမမခံနိုင်ဘဲနှင့် အနိုင်ရရေးကိစ္စကို ရရှိအောင်လုပ်ဆောင်နိုင်စရာမရှိဟု ဒုတိယဗိုလ်ချုပ်ကြီးက ပြောကြားသည်။

— လက်ခံထား —

အီရတ်စစ်မြေပြင်ရောက် ဗြိတိသျှ စစ်ဦးစီးများကလည်း ရစ်ချ်ဝေး၏ အမြင်မျိုးကိုပင် လက်ခံထားကြောင်း သတင်းစာတွင် ရေးသားဖော်ပြခဲ့သည်။ အီရတ်လုံခြုံရေးတပ်ဖွဲ့များသည် ကိုယ့်နိုင်ငံ လုံခြုံရေးကို ကိုယ်တိုင်တာဝန်ယူနိုင်သည့်အချိန်အထိ နိုင်ငံခြားတပ်ဖွဲ့များ အီရတ်တွင် ဆက်လက်ချထားရန် လိုအပ်လိမ့်မည်ဖြစ်ကြောင်း၊ နှစ်အတန်ကြာ ဆက်လက်ချထားရဖွယ်ရာရှိကြောင်း ယခင်အခါက ဗြိတိန်တပ်မှူးများကပြောကြားခဲ့ကြဖူးသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်သို့ပါကစ္စတန်တပ်ဖွဲ့စေလွှတ်မည်မဟုတ်

အစ္စလမ္မာဘတ် ဩဂုတ် ၃

အီရတ်နိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် လုံခြုံရေးအခြေအနေများအရ ၎င်း၏တပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံသို့ စေလွှတ်မည်မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက တနင်္လာနေ့ကပြောကြားသည်။ ပါကစ္စတန်နိုင်ငံက အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များစေလွှတ်ရန် မည်သည့်ကတိပြုချက်မျိုးမျှ ပေးခဲ့ခြင်းမရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ မာဆွတ်ခန်က အပတ်စဉ်သတင်းစာ ရှင်းလင်းပွဲတွင် အကျဉ်းချုံးပြောကြားသည်။ ပါကစ္စတန်နိုင်ငံသည် တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ရေးပြဿနာနှင့် စပ်လျဉ်းသည့် ပြတ်သားသောကြေညာချက်ကို ပထမဆုံးအကြိမ်အဖြစ် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံအနေဖြင့် ယင်းတပ်ဖွဲ့စေလွှတ်ရေးပြဿနာနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်မချမှတ်ရသေးကြောင်း အစိုးရက ထပ်တလဲလဲ ပြောကြားလာခဲ့သည်ချည်းဖြစ်သည်။

ဝန်ခံပြောကြား

အမေရိကန်ပြည်ထောင်စုက ပါကစ္စတန်နိုင်ငံအား အီရတ်နိုင်ငံသို့ တပ်ဖွဲ့ဝင်များစေလွှတ်ရေးအတွက် ကာလကြာမြင့်စွာကပင် ဖိအားပေးခဲ့ပြီး ယင်းတပ်ဖွဲ့စေလွှတ်ရေးအလားအလာကို ကုလသမဂ္ဂနှင့် ဆွေးနွေးခဲ့ကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ဝန်ခံပြောကြားသည်။ ပါကစ္စတန်နိုင်ငံသားနှစ်ဦးအီရတ်နိုင်ငံအတွင်း လွန်ခဲ့သည့်လက ဓားစာခံအဖြစ် အဖမ်းခံခဲ့ရပြီးနောက်ပိုင်းတွင် သတ်ဖြတ်ခံခဲ့ရသဖြင့် ပြတ်သားမှုမရှိသည့် ပါကစ္စတန်၏ အီရတ်ဆိုင်ရာ မူဝါဒအပေါ် ပြည်တွင်းတွင် ပြင်းထန်သည့် ဝေဖန်တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့သည်။

အမ်အင်အေ၊အင်ဟွာ။

အီရတ်နိုင်ငံ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီရန် ပြောကြား

တီဟီရန် ဩဂုတ် ၃

အီရန်နိုင်ငံအနေဖြင့် အိမ်နီးချင်း အီရတ်နိုင်ငံတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးအတွက်အစွမ်းကုန်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ကမဲလ်ခါရာဇီက တနင်္ဂနွေနေ့က ပြောကြားသည်။

ကျင်းပ

အီရန်နှင့် အီရတ်နှစ်နိုင်ငံတို့သည် စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် အစည်းအဝေးတစ်ရပ်ကို တီဟီရန်မြို့တွင် ကျင်းပခဲ့သည်။ အထက်ပါစကားများကို ခါရာဇီက စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးတွင် ပြောကြားခြင်းဖြစ်သည်။

မျှော်လင့်

အီရတ် အာဏာပိုင်များအနေဖြင့် လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့် ပတ်သက်၍ နီးနီးကြားကြား တိတိကျကျ အရေးယူဆောင်ရွက်ကြလိမ့်မည်ဟု မိမိမျှော်လင့်ပါကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်ဟု အိုင်အာအင်အေသတင်းဌာနက ဖော်ပြသည်။

အီရန်နှင့်အီရတ်နိုင်ငံများသည် အဓိက စီးပွားရေးဖက်စပ်ဆောင်ရွက်သူများအဖြစ် ရောက်ရှိလာရန် အလားအလာများစွာရှိသော အခြေအနေများရှိနေကြောင်း၊ အီရန်နိုင်ငံအနေဖြင့် နှစ်နိုင်ငံ ပူးပေါင်းရေးကိစ္စများ ခိုင်မြဲလာစေရန် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်း ကိုပါခါရာဇီက ဆက်လက်ပြောကြားသွားသည်။

ခါရာဇီက မိမိတို့အိမ်နီးချင်း နှစ်နိုင်ငံသည် စွမ်းအင်ဆိုင်ရာ ကိစ္စများတွင် မဟာဗျူဟာအရအရေးပါသည့်ပူးပေါင်းဆောင်ရွက်မှု အများအပြားကို ရေရှည်ဆောင်ရွက်သွားနိုင်စရာရှိသည်။ ဤနည်းအားဖြင့် ကမ္ဘာ့စွမ်းအင်ကဏ္ဍတွင် အရေးပါသောနေရာမှပါဝင်ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်သည်ဟု၎င်းကဆက်လက်ပြောကြားသည်။ တစ်ချိန်တည်း၌ပင် နှစ်နိုင်ငံ လွတ်လပ်စွာ ကုန်သွယ်ရေးတစ်ရပ်ကိုလည်း ထူထောင်သွားရန် တိုက်တွန်းခဲ့သည်။***အမ်အင်အေ၊ဆင်ဟွာ။***

ဩဂုတ် ၃ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် အီရတ်စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

အီရတ်မှ အီတလီတပ်ဖွဲ့ ရုပ်သိမ်းပေးရန် ခုခံတိုက်ခိုက်ရေးအုပ်စုက တောင်းဆိုထား

ဒူဘိုင်း ဩဂုတ် ၃

အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်နှင့် အဆက်အသွယ်ရှိသည့် ခုခံတိုက်ခိုက်ရေးအုပ်စုတစ်စုက အီတလီတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ ရုပ်သိမ်းရေးအတွက် ၁၅ ရက် သတ်မှတ်ချက်ပေးထားပြီး ရုပ်သိမ်းမှုမပြုပါက တိုက်ခိုက်မှုဖြင့် ရင်ဆိုင်ကြုံတွေ့နိုင်မည်ဖြစ်ကြောင်း လန်ဒန်အခြေစိုက် အယ်လ်ကက်အယ်လ်အာရာဘီ သတင်းစာသို့ ပေးပို့သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဩဂုတ် ၁ ရက်က ဘဂ္ဂဒက်မြို့ လေဆိပ်အပြင်ဘက်တွင် လုံခြုံရေးစောင့်ကြပ်နေသည့် ဩစတြေးလျ တပ်ဖွဲ့ဝင် တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ရောမမြို့တော်နှင့် အခြားအီတလီမြို့ကြီးများရှိ မိမိတို့ကလာပ်စည်းများတွင် အင်အားစုဆောင်းလျက် ရှိနေကြောင်း၊ အီတလီဝန်ကြီးချုပ် ဘာလူစကိုနီအား အီတလီတပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းရေးအတွက် ၁၅ရက် အချိန်ပေးထားကြောင်း အယ်လ်ခိုင်ဒါအဖွဲ့အောက်ရှိ အယ်လ်မာဆရီတပ်ဖွဲ့က လက်မှတ်ရေးထိုးထားသည့် ကြေညာချက်တွင် ပါရှိသည်။

တာဝန်မရှိ

အီတလီအစိုးရက လိုက်နာမှု မရှိပါက လူများသေဆုံးမည့် ကိစ္စအတွက် မိမိတို့တွင် တာဝန်မရှိကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ ယင်းကြေညာချက် စစ်မှန်မှု ရှိ၊ မရှိ စိစစ်ရခြင်း မရှိသေးပေ။

အကြောင်းကြား

မိမိတို့က အီတလီတပ်ဖွဲ့ဝင်များ အီရတ်မှ အမြန်ဆုံးရုပ်သိမ်းစေရေးအတွက် စောစောပိုင်းက စာပို့အကြောင်းကြားပြီးဖြစ်ကြောင်း၊ သို့ရာတွင် တစ်စုံတစ်ရာ တုံ့ပြန်မှုမရရှိသေးကြောင်း၊ ယင်းကြောင့် သွေးမြေကျတိုက်ခိုက်မှု ပြုလုပ်ရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဘာလူစကိုနီထံ လိပ်မူထားသည့်စာတွင် ဖော်ပြထားသည်။

အဆိုပါ အုပ်စုက ဥရောပဒေသနိုင်ငံများအား ယခင်ကခြိမ်းခြောက်စာများ ပေးပို့ခဲ့ပြီး အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်က ဥရောပနိုင်ငံများသို့ ထုတ်ပြန်ထားသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အား တုံ့ပြန်မှု မရှိသည့်အတွက် အီတလီနိုင်ငံအား စတင် တိုက်ခိုက်ရမည်ဟု အဆိုပါအုပ်စုက ပြောကြားထားသည်။

အဆိုပါ အပစ်အခတ်ရပ်စဲရေး သဘောတူညီအရ အာဖဂန်နစ္စတန်၊ အီရတ်နှင့် အခြားမွတ်စလင်နိုင်ငံများမှ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန်၊ သို့မဟုတ်ပါက စပိန်နိုင်ငံ မဒရစ်ရထား ဗုံးခွဲမှုကဲ့သို့သော တိုက်ခိုက်မှုများ ကြုံတွေ့ရမည်ဖြစ်ပြီး ရုပ်သိမ်းရေးကာလအား သုံးလအချိန် သတ်မှတ်ပေးထားသည်။

အင်တာနက်။

ဘဂ္ဂဒက် မြောက်ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၃

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်းတွင် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ရရှိခဲ့သည့် ဒဏ်ရာဖြင့် သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော်နှင့် ကီလိုမီတာ ၁၁၀ခန့်ဝေးသည့် တည်ငြိမ်မှုမရှိသော ဆမ်မာရာမြို့အနီးတွင် အမေရိကန် ကင်းလှည့်ယာဉ်တစ်စီး ဖြတ်သန်းစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းပေါက်ကွဲမှုကြောင့် အမှတ်(၁) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ဒုတိယမြောက် တပ်ဖွဲ့ဝင်တစ်ဦးမှာ ရရှိခဲ့သည့် ဒဏ်ရာကြောင့် နောက်ပိုင်းတွင် သေဆုံးခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တတိယမြောက် ထိခိုက်ဒဏ်ရာရရှိသူ တပ်ဖွဲ့ဝင်ကို ဂျာမနီနိုင်ငံရှိ အမေရိကန်ဆေးရုံတွင် ကုသပေးနေကြောင်းနှင့် ၎င်း၏ကျန်းမာရေး အခြေအနေ ကောင်းမွန်ကြောင်း ထပ်လောင်းပြောကြားသည်။

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအား ၂၀၀၃ ခုနှစ်က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန် တပ်ဖွဲ့ဝင် ဦးရေမှာ ယခုနှစ် ဩဂုတ် ၂ ရက်အထိ ၉၁၂ ဦး ရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်မှ ဆိုမာလီကုမ္ပဏီ ရုပ်သိမ်းရန် ဆုံးဖြတ်

ဘဂ္ဂဒက် ဩဂုတ် ၃

အယ်လ်တော်ဟစ်နှင့် အယ်လ်ဂျီဟက်ဟု ၎င်းတို့ကိုယ်တိုင် သမုတ်ထားသည့်အုပ်စုက ဆိုမာလီနိုင်ငံသား ကုန်တင်ထရပ်ကားယာဉ်မောင်း အလီအာမက်မူဆာအား ပြန်လွှတ်ပေးရန် ဆုံးဖြတ်ထားကြောင်း ကြေညာပြီး ဗီဒီယိုတိပ်ခွေကို ဖြန့်ချိလိုက်ကြောင်း ကာတာအခြေစိုက် အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနက ဖော်ပြသည်။

ဆုံးဖြတ်

ကူဝိတ်ကုမ္ပဏီက အီရတ်နိုင်ငံတွင် လုပ်ငန်းများဆောင်ရွက်နေမှု ရပ်ဆိုင်းရန် ကတိကဝတ် ပြုခဲ့ပြီးသည့်နောက် အီရတ်တွင် ဖမ်းဆီးထားခဲ့သည့် ဆိုမာလီနိုင်ငံသား ယာဉ်မောင်းအား လွှတ်ပေးရန် ဆုံးဖြတ်ကြောင်းဖြင့် အယ်လ်ခိုင်ဒါ၏ အပေါင်းပါ အယ်လ်ဇာကာဝီနှင့် ဆက်သွယ်မှုရှိသော အုပ်စုက ပြောကြားကြောင်း အဆိုပါ ရုပ်မြင်သံကြားက ဖော်ပြသည်။

တန်ဖိုးထား

ဆိုမာလီအစိုးရက အီရတ်နိုင်ငံအား ထောက်ခံမှုပေးမှုအပေါ် တန်ဖိုးထားသည့် အနေဖြင့်လည်းကောင်း၊ ကူဝိတ်ကုမ္ပဏီက အီရတ်တွင် လုပ်ငန်းများ ရပ်ဆိုင်းရန် ကတိကဝတ် ပေးခဲ့မှုကြောင့်လည်းကောင်း၊ ဆိုမာလီ နိုင်ငံသား ခေးစာခ် မူဆာကို လွှတ်ပေးရန် ဆုံးဖြတ်ရကြောင်း အဆိုပါ အုပ်စုက ပြောကြားသည်ဟု ရုပ်မြင်သံကြားက ဆက်လက်ဖော်ပြသည်။

ထုတ်လွှင့်ပြသ

ခေးစာခ် မူဆာက လက်နက်ကိုင် မျက်နှာဖုံးစွပ်ထားသည့် လူများရှေ့တွင် ဒူးထောက်နေပုံကို အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသသည်။ ယင်းဗီဒီယိုအခွေကို ၎င်းအုပ်စုထံမှ ရရှိသည်။

အီရတ်နိုင်ငံရှိ ခုခံတိုက်ခိုက်ရေးသမားများသည် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ကြားဖြတ်အစိုးရအဖွဲ့အား ထောက်ခံနေသည့် တပ်ဖွဲ့များနှင့် ကုမ္ပဏီများအား မောင်းထုတ်ရန် ရည်ရွယ်သည့် အနေဖြင့် ပြန်ပေးဆွဲလှုပ်ရှားမှု ပြုလုပ်နေခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးမှု အတည်ပြု

ဝါရှင်တန် ဩဂုတ် ၃

အမေရိကန်စစ်ဌာနချုပ်က မရိန်းတပ်စခန်းမှ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည့် ရှောင်းအေလီန်း အီရတ်နိုင်ငံတွင် သေဆုံးကြောင်း စနေနေ့က ထုတ်ပြန်ကြေညာသည်။

အသက် ၃၃နှစ်ရှိ အမြောက်တပ်မှ တပ်ကြပ်ကြီး ရှောင်းအေလီန်းသည် အယ်လ်အန်ဘာပြည်နယ်တွင် တိုက်ခိုက်မှုခံခဲ့ရသောကြောင့် ဇူလိုင် ၂၈ ရက်တွင် သေဆုံးခဲ့ကြောင်း ကာကွယ်ရေးဌာနက ကြေညာသည်။

ရှောင်းအေလီန်းသည် ပင်ဒယ်တန်အခြေစိုက်စခန်း အမှတ်(၁) ပြည်ပမရိန်းတပ်ဖွဲ့၊ အမှတ်(၁)မရိန်းတပ်မ တပ်ရင်းဌာနချုပ်တွင် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

အင်တာနက်။

ဩဂုတ် ၁ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသည့် အီရတ်တစ်ဦးကို ပွေ့ချီလာစဉ်။ (ဓာတ်ပုံ–အင်တာနက်)

၂၀၀၆ခုနှစ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေး အိန္ဒိယနိုင်ငံက လက်ခံကျင်းပရန် သဘောတူ

ဗန်ကောက် ဩဂုတ် ၃

အာရှခုနစ်နိုင်ငံ ပါဝင်သည့် ဘင်းမ်စတက်အဖွဲ့၏ ၂၀၀၆ ခုနှစ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် အဖွဲ့ဝင်နိုင်ငံများက မေတ္တာရပ်ခံပြီးနောက် အိန္ဒိယနိုင်ငံက အဆိုပါ ထိပ်သီးအစည်းအဝေးကို ၂၀၀၆ ခုနှစ်တွင် လက်ခံကျင်းပရန် စနေနေ့က သဘောတူညီလိုက်သည်ဟု ပီတီအိုင်က ဖော်ပြသည်။

သဘောတူ

အဖွဲ့ဝင်နိုင်ငံများက မေတ္တာရပ်ခံသည့်အတွက် ၂၀၀၆ ခုနှစ်တွင် ကျင်းပမည့် နောက်တစ်ကြိမ် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အိန္ဒိယနိုင်ငံက သဘောတူညီလိုက်ကြောင်းဖြင့် ဗန်ကောက်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားလိုက်သည်။

ထုတ်ဖော်ပြောဆို

ယခုအချိန်မှ ထိပ်သီးအစည်းအဝေး ကျင်းပချိန်အတွင်း ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ကြီးအဆင့်တို့တွင် အလုပ်များ ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်းဖြင့်လည်း အိန္ဒိယဝန်ကြီးချုပ်က ထုတ်ဖော်ပြောဆိုသည်။

အမ်အင်အေ၊ပီတီအိုင်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ်ကို မျက်ခြည်မပြတ်စေဘဲ ကဏ္ဍစုံမှာ စဉ်ဆက်မပြတ်ကြိုးပမ်း

✪ နိုင်ငံတော်မှ

ယင်းနောက် မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်း အခမ်းအနားသို့ တက်ရောက်၍ အမှာ စကားပြောကြားသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မန္တလေးတိုင်း မြင်းခြံခရိုင် မြင်းခြံမြို့သို့ မွန်းတည့် ၁၂နာရီတွင် ရောက်ရှိကြရာ အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးတင်ဦးလွင်နှင့် တပ်မတော်အရာရှိများ၊ ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြင်းခြံမြို့ မဏ္ဍာကဥ္ဇနာခန်းမ၌ ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြင်းခြံစက်မှု ဇုန် ကော်မတီဝင်များနှင့် လုပ်ငန်းရှင် များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မြင်းခြံခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်က မြင်းခြံခရိုင်၏ တည်နေရာ၊ လူဦးရေ၊ မြေအသုံးချမှု၊ ၂၀၀၃-၂၀၀၄ ခုနှစ် သီးနှံများစိုက်ပျိုးထွက်ရှိမှု၊ ၂၀၀၄-၂၀၀၅ ခုနှစ် သီးနှံများစိုက်ပျိုးပြီးစီးမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ပန်းတိုင်အထွက် နှုန်း အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးမှု အခြေအနေ၊ စီးပွားရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြ သည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြင်းခြံမြို့ အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း များအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုစက်၊ ကွန်ပျူတာနှင့် ဆက်စပ် ပစ္စည်းများတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များ နှင့်စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးတိုးတက် ရေး၊ လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်ရေး၊ ပညာရေး၊ ကျန်းမာ ရေးဆိုင်ရာလိုအပ်ချက်များ၊ ကျေးလက် ဒေသ ဖွံ့ဖြိုးရေး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မြင်းခြံ ခရိုင်နှင့် ခရိုင်အတွင်းရှိ မြို့နယ်များ အားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ် ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေး ရန် မိမိနှင့်အတူ ဒေသအာဏာပိုင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် လာရောက် ခဲ့ကြခြင်းဖြစ်ကြောင်း။

မြင်းခြံခရိုင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေးဘဝ တိုးတက်မြင့်မားရေး အတွက် နိုင်ငံတော်အစိုးရကဆောင်ရွက် ပေးဖွယ်ရာများကို ယခင်ကပင် အကောင် အထည်ဖော် ဆောင်ရွက်ပေးထားပြီး ဖြစ်ကြောင်း။

ပညာရှင်များပေါ်ထွန်းရေး

ဒေသ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် မျှော်မှန်းပြီး ဒေသအတွင်း ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေ ရေးအတွက် မြင်းခြံဒီဂရီကောလိပ်နှင့် မြင်းခြံစက်မှုလက်မှုသိပ္ပံတို့ကို ခံ့ညား ထည်ဝါစွာ တည်ဆောက် ဖွင့်လှစ်ပေး ထားပြီးဖြစ်ကြောင်း။

ထို့အပြင် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးအတွက် လိုအပ် သည့် လမ်းများကို အဆင့်မြှင့်ခြင်း၊ အသစ်ဖောက်လုပ်ပေးခြင်းများပြုလုပ် ပေးလျက်ရှိကြောင်း။

ဆည်တမံများ

အထူးသဖြင့်ဒေသ၏ စိုက်ပျိုးရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ဒေသနေ တောင်သူလယ်သမားများ၏ စီးပွားရေး၊လူမှုရေးအခြေခံများတိုးတက် မြင့်မားရေးတို့ကို ထိထိရောက်ရောက် အထောက်အကူပြုလျက်ရှိသည့် ဆည် တမံများနှင့် မြစ်ရေတင် စီမံကိန်း များစွာကို ရောဝတီမြစ် တစ်လျှောက် တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း။

သို့ဖြစ်၍ ယနေ့အခြေအနေတွင် နိုင်ငံတော်အစိုးရက တည်ဆောက် ဖန်တီးပေးထားသည့် ဒေသဖွံ့ဖြိုးရေး အစီအမံများကြောင့် ဒေသနေပြည်သူ များအနေဖြင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှု၊ စိုက်ပျိုးရေးနှင့် စီးပွားရေးအောင်မြင်ဖြစ်ထွန်းမှု၊ ပညာ ရေး၊ ကျန်းမာရေးအခြေခံများ တိုးတက် မြင့်မားမှု အကျိုးရလဒ်ကောင်းများကို စတင်ခံစားနေကြရပြီဖြစ်ကြောင်း။

အလေးထားဖြည့်ဆည်းပေးခဲ့

ယနေ့ခရီးစဉ်တွင်လည်း ဒေသ ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၏ တင်ပြ ချက်များအရ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို စိစစ်ညှိနှိုင်းပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ အထူး သဖြင့် ကျေးလက်ဒေသနေ ပြည်သူ များ၏ ပညာရေး၊ ကျန်းမာရေး စောင့် ရှောက်မှုဆိုင်ရာ လိုအပ်ချက်များကို အလေးထား ဖြည့်ဆည်းပေးခဲ့ကြောင်း။

ဒေသခံပြည်သူများနှင့် တာဝန် ရှိသူများကလည်း နိုင်ငံတော်အစိုးရ၏ ဖြည့်ဆည်း ဆောင်ရွက်ပေးမှုများကို ထိရောက် အကျိုးရှိစွာ အသုံးပြုပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားအကောင်အထည်ဖော် ဆောင် ရွက်ကြဖို့လိုအပ်ကြောင်း။

စည်းရုံးဦးဆောင်

စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်း ရေးအတွက် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရေး၊ ဒေသတွင်းဝမ်းစာ ဖူလုံရေး တို့အတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒေသနှင့်ကိုက်ညီဖြစ်ထွန်းမည့် အထွက် နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ၊ စိုက်ပျိုးရေးနည်းစနစ်များ ပံ့ပိုးပေးပြီး ဒေသခံ တောင်သူလယ်သမားများကို စည်းရုံး ဦးဆောင်သွားဖို့လိုကြောင်း၊ အလားတူပင် မွေးမြူရေး ကဏ္ဍတွင် လည်း ဒေသနှင့်ကိုက်ညီသည့် မွေးမြူ ရေးလုပ်ငန်းများ စီးပွားဖြစ် မွေးမြူ ထုတ်လုပ်နိုင်စေရအောင် သုတေသန ပြုလုပ်ခြင်း၊ ဒေသတွင်းဖြစ်ထွန်းမည့် တိရစ္ဆာန် မျိုးကောင်းမျိုးသန့်များ မွေးမြူရေးနည်းစနစ်များပံ့ပိုးခြင်း၊ စံပြ မွေးမြူရေးခြံများထူထောင်ခြင်းလုပ်ငန်း များကို မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနက စီမံချက်များ ချမှတ် ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

စိမ်းလန်းစိုပြည်ရေး

ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း က အစပြုခဲ့သည့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး မြင်းခြံခရိုင် အပါအဝင် အပူပိုင်းဒေသများစတင် စိမ်းလန်းစိုပြည်စပြုနေသည့် အခြေ အနေ အချိန်အခါကောင်းတွင် လုပ်ငန်း များကို အရှိန်အဟုန် ကျဆင်းမသွားရ အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားဖို့လည်း မှာကြားလိုကြောင်း။

အထူးသဖြင့် ကျေးလက်နေပြည်သူ များ၏ လူနေမှုဘဝ တိုးတက်မြင့်မား ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ်ကို မျက်ခြည်မပြတ်စေဘဲ ကဏ္ဍစုံမှာ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက် ကြဖို့လိုကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➡

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၃ရက်က မြင်းခြံမြို့ မဏ္ဍာကဥ္ဇနာခန်းမ အပြင်၌ ခင်းကျင်းပြသထားသည့် မြင်းခြံစက်မှုဇုန်မှ ထုတ်လုပ်သော မော်တော်ယာဉ်များကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဩဂုတ် ၃ရက်က ပုဂံခေတ် အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၃ရက်က မြင်းခြံမြို့ မဏ္ဍာကဥ္ဇနာခန်းမ၌ မြင်းခြံမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)အတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုစက်၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများတစ်စုံကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ပူးပေါင်းဆောင်ရွက်

စေတနာ့ဝန်ထမ်း လူမှုရေးအသင်း အဖွဲ့များ၏ ထက်မြက်သည့်စွမ်းအားကို ဒေသဖွံ့ဖြိုးရေးအတွက် ထိရောက်အကျိုးရှိစွာအသုံးပြုပြီး စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုမျိုးဖြင့် မိမိရပ်ရွာ မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေရအောင် ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၃ ရက်က ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ နန်းမြင့်မျှော်စင် တည်ဆောက်ရေး လုပ်ငန်း ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

➡ စာမျက်နှာ ၆ မှ

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် မြို့နယ်အဆင့် တာဝန်ခံအရာရှိများတွင် တာဝန်အရှိဆုံးဖြစ်ရာ ကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး ကျေးလက်ဖွံ့ဖြိုးရေး လိုအပ်ချက်များကို လက်တွေ့ဖြည့်ဆည်း ဆောင်ရွက်ပေးကြဖို့ မှာကြားလိုကြောင်း။

စုပေါင်းဆောင်ရွက်

စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ထက်မြက်သည့်စွမ်းအားကို ဒေသဖွံ့ဖြိုးရေးအတွက် ထိရောက်အကျိုးရှိစွာအသုံးပြုပြီး စုပေါင်းဦးဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုများဖြင့် မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေရအောင် ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဏ္ဍကဥ္စနာခန်းမ ပြင်ပတွင် ခင်းကျင်းပြသထားသည့် မြင်းခြံစက်မှုဇုန်ထုတ် စက်ကိရိယာများဖြစ်သည့် သီးနှံခြွေလှေ့စက်၊ ပြောင်းရိုးစဉ်းစက်၊ အမှုန့်ကြိတ်စက်၊ ကွန်ပရက်ဆာ၊ ဒီဇယ်အင်ဂျင်နှင့် အပိုပစ္စည်းများ၊ တောင်သူသုံး ပြောင်းရိုးစဉ်းဓားခုံနှင့် အပိုပစ္စည်းများ၊ လယ်ယာသုံး ထွန်စက်အသေး၊ ထယ်သွားနှင့် ထွန်တုံး၊ လက်ရိုက်ကပ်မှုဒီဇိုင်းများဖြင့် ပြုလုပ်ထားသည့် WAGON အမျိုးအစား မော်တော်ယာဉ်များ၊ မြေလတ်ဂျစ်ကားများ၊ ရေတုံ့ကင်နှင့် အပိုပစ္စည်းများနှင့် လယ်ယာနှစ်မျိုးသုံး လက်တွန်းထွန်စက်စသည့် စက်ကိရိယာများ၊ မော်တော်ယာဉ်များကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူတို့အား မှာကြားသည်။

ယင်းမှတစ်ဆင့်မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြင်းခြံဒီဂရီကောလိပ်သို့ ရောက်ရှိကြသည်။

မေးမြန်းဖြည့်ဆည်း

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းခန်းမ၌ မြင်းခြံဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိက၊ နည်းပြ၊ သရုပ်ပြ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ ပညာရေးဆိုင်ရာများ မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြင်းခြံဒီဂရီကောလိပ် ဒုတိယဆင့် တည်ဆောက်ရေးလုပ်ငန်းများကို လည်းကောင်း၊ Theatre ခန်းမ၊ Language Lab နှင့် Computer Training Centre စာသင်ခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ လေ့ကျင့်သင်ကြားမှုတို့ကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ကြိုဆိုနှုတ်ဆက်

ယင်းမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပုဂံ ညောင်ဦးလေဆိပ်သို့ ရောက်ရှိကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဖော်မင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပုဂံ ညောင်ဦးလေဆိပ်တိုးချဲ့ဆောင် တည်ဆောက်မှုလုပ်ငန်းကိုကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်က ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

လေဆိပ်တိုးချဲ့ဆောင်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပုဂံညောင်ဦးလေဆိပ်တိုးချဲ့ဆောင် ပုံစံငယ်နှင့် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ နန်းမြင့်မျှော်စင်နှင့် ဟိုတယ်တည်ဆောက်ရေး လုပ်ငန်းစီမံကိန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းခန်းမ၌ ထုထရေးဒင်းကုမ္ပဏီဥက္ကဋ္ဌဦးတေဇက ပုဂံနန်းမြင့်မျှော်စင်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ စီစဉ်တည်ဆောက်နေမှု၊ အောက်ခံပုဂံမှုပုံစံဖြင့် အချင်း၁၃၈ပေ ပတ်လည်ရှိပြီး ဘုံဆင့်အပါအဝင် အမြင့်၁၉၈ ပေရှိ အထပ်၁၄ ထပ်ပါပုဂံနန်းမြင့်မျှော်စင်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေ၊ မျှော်စင်၏ အောက်ခြေ Steel Structure လုပ်ငန်းများ၊ အောက်ခံပုဂံမှုပုံစံ လုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နန်းမြင့်မျှော်စင်ကို ရှေးဟောင်းပုဂံယဉ်ကျေးမှုနယ်မြေတွင် တည်ဆောက်သည်ဖြစ်ရာ ပုဂံယဉ်ကျေးမှု အငွေ့အသက်များဖြင့် မြန်မာမှုပီသစွာ ဖော်ညွှန်းတည်ဆောက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီတည်ဆောက်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပုဂံနန်းမြင့်မျှော်စင် တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေတို့ကို လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နန်းမြင့်မျှော်စင်ကို ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် တည်ဆောက်သည်ဖြစ်ရာ ပုဂံယဉ်ကျေးမှုအငွေ့အသက်များဖြင့် မြန်မာမှုပီသစွာ ဖော်ညွှန်းတည်ဆောက်

ပုဂံနန်းတော်တည်ဆောက်ရေး

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံခေတ် အနော်ရထာမင်းတရားကြီး၏ အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က နန်းတော်တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်သည့် ကြငှန်းတိုင်သုံးတိုင် စိုက်ထူမှု မင်္ဂလာအခမ်းအနားကို ရွေးနန်းမှုနန်းရာ အစဉ်အလာများနှင့်အညီ ပြုလုပ်ခဲ့မှု၊ ကျန်လုပ်ငန်းများကို လည်း မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့်အညီဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ထုထရေးဒင်းကုမ္ပဏီမှ ဗိသုကာပညာရှင်ဦးသော်က ပုဂံအနော်ရထာမင်းတရားကြီး၏ နန်းတော်တည်ဆောက်ရေးစီမံကိန်း တည်ဆောက်မှုလုပ်ငန်း တိုးတက်ပြီးစီးမှု အခြေအနေ၊ ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာမှုပညာရှင် တမ္ပဝတီဦးဝင်းမောင်က ပုဂံနန်းတော်တွင် တပ်ဆင်မည့် မြန်မာမှုများကို ပုဂံခေတ် ကနုတ်ပန်းပုံစံများဖြင့် တပ်ဆင်တည်ဆောက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အလေးထားဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်း မှာကြားပြီး ပထမမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည့် အနော်ရထာမင်းတရားကြီး၏

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ၌ တည်ဆောက်နေသော နန်းမြင့်မျှော်စင်နှင့် ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဩဂုတ်၃ရက်က ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်း အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ICTနည်းပညာရပ်များအပါအဝင် သိပ္ပံနှင့်နည်းပညာရပ်အသွယ်သွယ်တွင် ...
အခြေခံပညာကျောင်းများကစတင်ပြီး တက္ကသိုလ်၊ ကောလိပ်များအထိ ICTနည်...

✧ ရှေ့ဖုံးမှ

ထို့ကြောင့် ယနေ့ဆိုလျှင် နိုင်ငံတော်ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ထူးထူးခြားခြား တိုးတက်ဖြစ်ထွန်းနေပြီဖြစ်သည်ကို ထင်ရှားစွာ တွေ့မြင်နေရပြီဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ၁၉၈၈ ခုနှစ်နောက်ပိုင်း ဆည်မြောင်းတာတမံပေါင်း ၁၆၂ ခု တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ တစ်ပြိုင်တည်းမှာပင် မြစ်ရေတင်စီမံကိန်း ၂၆၅ ခုကို တစ်ပါတည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးလည်းဖြစ်ကြောင်း၊ ဆက်လက်တည်ဆောက်နေဆဲ စီမံကိန်းများလည်း အများအပြားပင်ရှိနေရာ ဆင့်ကဲဆင့်ကဲ အကောင်အထည်ပေါ်လာဦးမည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင်ဆိုလျှင်လည်း ၁၉၈၈ ခုနှစ်တွင် ကတ္တရာလမ်း၊ ကျောက်လမ်း၊ အမာခံလမ်းနှင့် မြေလမ်းများ အပါအဝင် တစ်နိုင်ငံလုံး၌ လမ်းမိုင်ပေါင်း ၁၃၆၀၀ ကျော်သာရှိခဲ့ရာက ယခုဆိုလျှင် လမ်းမိုင်ပေါင်း ၅၀၀၀ နီးပါးတိုးတက်လာခဲ့ပြီး လက်ရှိခရီးလမ်းမိုင်ပေါင်း ၁၈၆၀၀ နီးပါးရှိလာခဲ့ပြီဖြစ်ကြောင်း။

တစ်နိုင်ငံလုံး၌ လမ်းမကြီးများကို အရှေ့၊အနောက်၊တောင်၊မြောက် ကွန်ရက်သဖွယ် ရက်ဖောက်ဆက်သွယ်ဖောက်လုပ်ပေးခဲ့သည့်အတွက် မြစ်ကူးတံတားကြီးများ အပါအဝင် တံတားအကြီးစားပေါင်း ၁၇၂ စင်း တိုးတက်တည်ဆောက်ပေးခဲ့ကြောင်း။

ရထားလမ်းသစ်များတိုးချဲ့တည်ဆောက်ပေးလျက်ရှိသည့်အတွက် ၁၉၈၈ ခုနှစ်က တစ်နိုင်ငံလုံး၌ ရထားလမ်းမိုင်ပေါင်း ၂၀၀၀ နီးပါးသာရှိခဲ့ရာက ယခုဆိုလျှင် ရထားလမ်းမိုင်ပေါင်း ၃၀၀၀ နီးပါးအထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း၊ သံလမ်းအသစ်များ၊ ဇလီဖားတုံးအသစ်များ အစားထိုးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ပြုလုပ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ရထားစက်ခေါင်းအသစ်များ၊ လူစီးတွဲအသစ်များအစားထိုးရေး၊ မီးရထားစက်ခေါင်းပြင် အလုပ်ရုံများ၊ တွဲပြင်အလုပ်ရုံများအဆင့်မြှင့်တင်ဆောင်ရွက်ရေးလုပ်ငန်းများကိုလည်း မိတ်ဆွေနိုင်ငံများ၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်နေဆဲဖြစ်ကြောင်း။

လေယာဉ်ကွင်းများအနေဖြင့် ကြည့်မည်ဆိုလျှင်လည်း ၁၉၈၈ခုနှစ်က မြန်မာ့လေကြောင်းမှ အသုံးပြုသည့် လေယာဉ်ကွင်း ၂၁ ကွင်းသာရှိခဲ့ရာက ယခုဆိုလျှင် နိုင်ငံတကာအဆင့်မီမန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီး အပါအဝင် လေယာဉ်ကွင်း ၂၉ ကွင်းရှိလာခဲ့ပြီဖြစ်ကြောင်း၊ ဖော်ကာ ၂၈ နှင့် ဘိုးရင်း၇၃၇လေယာဉ်များ ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းများဖြစ်ကြောင်း။

လျှပ်စစ်ဖြန့်ဖြူးပေးမှု

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှုနှင့် ပတ်သက်ပြီးလည်း ၁၉၈၈ခုနှစ်တွင် ရေအားလျှပ်စစ်စီမံကိန်း၁၄ခုကနေ ၂၂၈မဂ္ဂါဝပ်သာ ထုတ်လုပ်ပေးနိုင်ခဲ့ရာက ယခုအခါတွင် ရေအားလျှပ်စစ်စီမံကိန်း၂၈ခုတိုးတက်တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ၁၆၂ မဂ္ဂါဝပ်ကျော် ထပ်မံတိုးမြှင့်ပေးနိုင်ခြင်းကြောင့် ရေအားလျှပ်စစ်စီမံကိန်းမှ မဂ္ဂါဝပ် ၄၀၀ နီးပါး ပေးနိုင်နေပြီဖြစ်ကြောင်း။

ထို့အပြင်မိမိတို့ခေတ်ကာလတွင် ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ခြောက်ခု ထပ်မံတည်ဆောက်ခဲ့သည့်အတွက် ယခုအခါတွင် ဓာတ်ငွေ့သုံးစက်ရုံ ၁၄ ခုက မဂ္ဂါဝပ် ၇၀၀ နီးပါး ထုတ်လုပ်နိုင်နေပြီလည်းဖြစ်ကြောင်း။

ထို့ကြောင့်လက်ရှိတွင် ရေအားလျှပ်စစ်နှင့် ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများက စုစုပေါင်း လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၁၀၀ နီးပါးထုတ်လုပ်ဖြန့်ဖြူးပေးနိုင်နေပြီဖြစ်ကြောင်း။

တည်ဆောက်ဆဲရေအားလျှပ်စစ်စီမံကိန်း၁၂ခုပြီးစီး၍မဂ္ဂါဝပ် ၂၆၀၀ ကျော် ထပ်တိုးပေးနိုင်ခဲ့လျှင် စုစုပေါင်းမဂ္ဂါဝပ် ၃၀၀၀ ကျော် ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ မကြာမီကာလတွင် ပေါင်းလောင်းရေအားလျှပ်စစ်နှင့် မုန်းချောင်းရေအားလျှပ်စစ် စီမံကိန်းတို့ပြီးစီးတော့မည်ဖြစ်ကြောင်း။

ကျန်းမာရေး

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ဆိုလျှင်လည်း ယခင်ကဆေးရုံအကြီး၊ အလတ်၊ အသေးပေါင်း ၆၁၇ ရုံသာရှိခဲ့ရာက ယခုဆိုလျှင်ခုတင်၃၀၀၊ခုတင်၂၀၀၊ ခုတင်၁၀၀၊ ခုတင်၅၀၊ ၂၅ ခုတင်၊ ၁၆ ခုတင်တို့ကို တိုးချဲ့တည်ဆောက်ပေးခဲ့မှုများကြောင့် စုစုပေါင်းဆေးရုံပေါင်းသည် ၇၇၆ရုံအထိ တိုးတက်ဖြစ်ထွန်းလာပြီး ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများအထိ ဖြန့်ကြက်ဆောင်ရွက်ပေးနိုင်နေပြီဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင်ဆိုလျှင်လည်း ယခင်ကတက္ကသိုလ်၊ ကောလိပ်၃၂ခုသာ ရှိခဲ့ရာက ယခုဆိုလျှင် ၁၅၆ ခုရှိလာပြီဖြစ်သကဲ့သို့ ယခင်ကအထက်တန်းကျောင်း ၇၂၂ ကျောင်း၊ အလယ်တန်းကျောင်း ၁၆၉၆ ကျောင်းနှင့် မူလတန်းကျောင်း ၃၁၃၂၉ ကျောင်းသာရှိခဲ့ရာက ယခုဆိုလျှင်အထက်တန်းကျောင်း ၁၈၉၄ ကျောင်း၊ အလယ်တန်းကျောင်း ၂၆၁၂ ကျောင်း၊ မူလတန်းလွန်ကျောင်း၄၇၇၄ ကျောင်းနှင့် မူလတန်းကျောင်း ၃၁၂၂၅ ကျောင်းအထိ တိုးတက်ဖြစ်ထွန်းနေပြီဖြစ်ခြင်းကြောင့် လူသားစွမ်းရည်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဆောင်ရွက်လာနိုင်နေပြီဖြစ်ကြောင်း။

ဆက်လက်ဆောင်ရွက်ရဦးမည်

ယင်းကဲ့သို့ ၁၅နှစ်ကျော် ၁၆နှစ်နီးပါးမျှ နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်ဖြစ်ထွန်းမှု အသီးအပွင့်အကျိုးရလဒ်ကောင်းများ များစွာဖြစ်ထွန်းနေပြီဖြစ်သော်လည်း နိုင်ငံတော်တိုးတက်ဖြစ်ထွန်းရေးအတွက် ဆက်လက်ဆောင်ရွက်ဖွယ်များ အများအပြားရှိနေသေးခြင်းကြောင့် အစိုးရနှင့် ပြည်သူတက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်ကြောင်း။

အထူးသဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးတွင် ပင်မဒေါက်တိုင်တစ်ခုဖြစ်သည့် ပညာရေးကဏ္ဍတွင် မွန်မြတ်မြင့်မားသော အမျိုးသားပညာရေး မျှော်မှန်းချက်ဖြစ်သည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ထွန်းလာရေးအတွက် ပညာရေးကဏ္ဍက တာဝန်ရှိသူ အသီးသီးအနေဖြင့် စဉ်ဆက်မပြတ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားဖွယ်ရာလုပ်ငန်းများ များစွာရှိနေဆဲဖြစ်ကြောင်း။

အဓိကအားဖြင့် ယနေ့နိုင်ငံတကာ၌ တွင်ကျယ်ခေတ်စားနေသည့် ICT နည်းပညာရပ်များ အပါအဝင် သိပ္ပံနှင့် နည်းပညာရပ်အသွယ်သွယ်တွင် အနာဂတ်ကိုမျှော်မှန်းသည့်ရည်မှန်းချက်မျ... ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွ...

ပြောင်းလဲကျ...

သာဓကအနေဖြင့် ပြောရမည်ဆို... ပညာရပ်များကို လေ့ကျင့်သင်ကြားပေး... ရှိခဲ့ပြီဖြစ်သော်လည်း ယခင်ခေတ်ကာလက... ပြီး ဆက်လက်ပညာဖြန့်ဝေမှု သုတေသ... အချိန်ကုန်ခဲ့သည်ကို တွေ့ရကြောင်း၊ ယ... လက်တွေ့အသုံးဝင်သည့် နည်းပညာရပ်... ဆက်ဆံရေးကိရိယာများအဖြစ်ကျယ်ကျ... ရောက်အောင် အပြေးအလွှားကြိုးပမ်းနိုင်... လျော်ညီစွာ ပြောင်းလဲကျင့်သုံးနိုင်ခဲ့ပြီ...

ယနေ့အခြေအနေတွင် အခြေခံပညာ... ကောလိပ်များအထိ ICT နည်းပညာအ... Resource Centre များ ဖွင့်လှစ်ပေးထ... အဆင့်များ၌ e-Library များ၊ Intern... Video Conferencing System များ... များ တည်ရှိနေခဲ့ပြီဖြစ်သည့်အတွက် ... ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရ၏ အားပေးေ... ပညာရှင်များ၊ လုပ်ငန်းရှင်များ၏ ပူးပေါင်... ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ICT-Par...

မကွေးတိုင်း စေတုတ္တရာမြို့ မြောက်ဘက် နှစ်မိုင်ခန့်အကွာ မုန်းချောင်းပေါ်တွင် တည်ဆောက်နေသည့် မုန်းချော...
[မုန်းချောင်းရေလှောင်တမံဘက်စုံစီမံကိန်းကြီးပြီးစီးက လယ်မြေဧက ၆၀၀၀၀ ကို စိုက်ပျိုးရေပေးဝေမည်ဖြစ်ပြီး မုန်း...
လည်း လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ်ကို မကြာမီ ထုတ်လွှတ်ပေးတော့မည်ဖြစ်သည်။]

မဂ္ဂါဝပ် ၃၀၀၀ကျော်

☆ လက်ရှိတွင်ရေအားလျှပ်စစ်နှင့်ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများကစုစုပေါင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၁၀၀ နီးပါး ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်နေပြီဖြစ်။

☆ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း ၁၂ ခုပြီးစီး၍ မဂ္ဂါဝပ် ၂၆၀၀ ကျော် ထပ်တိုးပေးနိုင်ခဲ့လျှင် စုစုပေါင်းမဂ္ဂါဝပ် ၃၀၀၀ ကျော် ပေးနိုင်တော့မည် ဖြစ်ကြောင်း၊ မကြာမီ ကာလတွင် ပေါင်းလောင်းရေအားလျှပ်စစ်နှင့် မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်းတို့ ပြီးစီးတော့မည်ဖြစ်။



ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ရင်းနှီးချစ်ကြည်

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေး၊ ခေတ်မီဖွံ့ဖြိုးရေးနှင့် ယခင်ခေတ်ကာလက အနိဋ္ဌာရုံ အမွေဆိုးများ ပပျောက်စေရေးတို့အတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတကာ မျက်နှာစာတွင်လည်း ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံမှုများတိုးမြှင့်ပြီး ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံအဖြစ် တာဝန်ကျေပွန် စေရအောင် နိုင်ငံတကာနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ။

ခင်ညွန့်က သင်တန်းသားစံပြဆုကို သင်တန်းသားအမှတ် (ဒီ-၁၀၈) ပညာရေးဝန်ကြီးဌာန မန္တလေးတက္ကသိုလ် သမိုင်းဌာနမှ နည်းပြဦးစန်းယုအောင်အားလည်းကောင်း၊ သင်တန်းသူစံပြဆုကို သင်တန်းသူအမှတ်(ဘီ-၁၁၈) ပညာရေးဝန်ကြီးဌာန ရတနာပုံတက္ကသိုလ် ဘူမိဗေဒ ပညာဌာနမှ သရုပ်ပြ ဒေါ်ယဉ်ကေသွယ်ထွန်းအားလည်းကောင်း၊ ဖွဲ့လုံ့လဆုများကို သင်တန်းသားအမှတ်(ဒီ-၆) သမဝါယမ ဝန်ကြီးဌာန စစ်ကိုင်းသမဝါယမ ကောလိပ် စီမံခန့်ခွဲမှုပညာဌာနမှ အကြီးတန်းနည်းပြ ဦးဇော်ဝင်း၊ သင်တန်းသူအမှတ်(ဘီ-၁၅၃) သမဝါယမဝန်ကြီးဌာန မန္တလေး သမဝါယမကောလိပ် သမဝါယမဘာသာရပ်ဌာနခွဲမှ လက်ထောက်ကထိက ဒေါ်အုန်းမြင့်နှင့် သင်တန်းသူ အမှတ်(ဘီ-၄၉) မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပျဉ်းမနား ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဆေးပညာဌာနမှ ကထိက ဒေါ်ဌေးရှင်တို့အားလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဆောင်စံပြဆုကို အမျိုးသားတပ်ခွဲ(၁) အဆောင်(၃)မှ သင်တန်းသားများအားလည်းကောင်း၊ အမျိုးသမီး တပ်ခွဲ(၁) အဆောင်(၇)မှ သင်တန်းသူများအား လည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များမှ တစ်ဆင့် သင်တန်းသား၊ သင်တန်းသူများအားလည်းကောင်း ပေးအပ်သည်။

ထို့နောက် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများက လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအတွက် အလှူငွေကျပ်နှစ်သောင်း၊ စွယ်တော်မြတ်စေတီတော် (မန္တလေး) ဘက်စုံတည်ဆောက်ရေးအတွက်အလှူငွေကျပ်တစ်သောင်း၊

...်အသွယ်သွယ်တွင် အနာဂတ်ရည်မှန်းချက်များထားရှိ အကောင်အထည်ဖော်ပေးလျက်ရှိ
...များအထိ ICTနည်းပညာအခြေခံသော Learning Centreများ ဖွင့်လှစ်ပေးထားနိုင်

အနာဂတ်ကိုမျှော်မှန်းသည့်ရည်မှန်းချက်များထားရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြောင်းလဲကျင့်သုံးနိုင်

သာဓကအနေဖြင့် ပြောရမည်ဆိုလျှင် မြန်မာနိုင်ငံ၌ ကွန်ပျူတာ ပညာရပ်များကို လေ့ကျင့်သင်ကြားပေးခဲ့သည်မှာ နှစ်ပေါင်း ၂၀-၂၅ နှစ်ခန့် ရှိခဲ့ပြီဖြစ်သော်လည်း ယခင်ခေတ်ကာလက ပညာရှင်လောက၌ပင် ရပ်တန့်နေခဲ့ပြီး ဆက်လက်ပညာဖြန့်ဝေမှု သုတေသနပြုမှုများအပိုင်းထိ မရောက်တော့ဘဲ အချိန်ကုန်ခဲ့သည်ကို တွေ့ရကြောင်း၊ ယခုတော့ ICT နည်းပညာရပ်များကို လက်တွေ့အသုံးဝင်သည့် နည်းပညာရပ်များ၊ လေ့လာမှုနည်းစဉ်များ၊ လူထုဆက်ဆံရေးကိရိယာများအဖြစ်ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်သောအဆင့်ကို ရောက်အောင် အပြေးအလွှားကြိုးပမ်းနိုင်ခဲ့ခြင်းကြောင့် ယခုဆိုလျှင် ခေတ်နှင့်လျော်ညီစွာ ပြောင်းလဲကျင့်သုံးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ယနေ့အခြေအနေတွင် အခြေခံပညာကျောင်းများကစတင်ပြီး တက္ကသိုလ်၊ ကောလိပ်များအထိ ICT နည်းပညာအခြေခံသော Learning Centre များ၊ Resource Centre များ ဖွင့်လှစ်ပေးထားနိုင်ပြီ ဖြစ်သည့်အပြင် တက္ကသိုလ်အဆင့်များ၌ e-Library များ၊ Internet နှင့် Intranet Network များ၊ Video Conferencing System များ၊ Web-based Teaching System များ တည်ရှိနေခဲ့ပြီဖြစ်သည့်အတွက် e-Education စနစ် တစ်ရပ်စတင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရ၏ အားပေးထောက်ကူမှုနှင့် ပုဂ္ဂလိက ကွန်ပျူတာပညာရှင်များ၊ လုပ်ငန်းရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ယခုဆိုလျှင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ICT-Park များ အသီးသီး ဖွင့်လှစ်ပေးထားပြီး ICT နည်းပညာအခြေခံသော ဝန်ဆောင်မှုများ၊ ခေတ်မီဆက်သွယ်ရေးကွန်ရက်များကို တစ်နိုင်ငံလုံး လွှမ်းခြုံပေးထားနိုင်နေပြီဖြစ်ကြောင်း။

ထို့ကြောင့် e-Passport, e-Visa နှင့် Smart Card စနစ်များ၊ e-Commerce နှင့် e-Government စနစ် တည်ဆောက်မှုများစသည့် နိုင်ငံတကာအဆင့်မီ အုပ်ချုပ်မှုနှင့် ဝန်ဆောင်မှုစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၊မိမိလူမျိုးတိုးတက်ကြီးပွားရေး၊ ခေတ်မီဖွံ့ဖြိုးရေးနှင့် ယခင်ခေတ်ကာလက အနိဋ္ဌာရုံ အမွေဆိုးများ ပပျောက်စေရေးတို့အတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတကာ မျက်နှာစာတွင်လည်း ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံမှုများတိုးမြှင့်ပြီး ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံအဖြစ် တာဝန်ကျေပွန်စေရအောင် နိုင်ငံတကာနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

အရေးအကြီးဆုံးအနေဖြင့် နှစ်ပေါင်းထောင်ချီပြီး အေးအတူ ပူအမျှ ပေါင်းစည်း လက်တွဲနေထိုင်လာခဲ့ကြသော တိုင်းရင်းသားလူမျိုးများ၏ ကိုယ်စီကိုယ်စီသော အကျိုးစီးပွားနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားတို့ကို ညီညွတ်မျှတအောင် ပေါင်းစည်းဖော်ဆောင်ပေးနိုင်စေရန် တစ်မျိုးသားလုံး၏ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကြီး၌ စုစည်းဆွေးနွေးပြီး ညှိနှိုင်းအဖြေရှာလျက်ရှိနေပြီဖြစ်ကြောင်း။

ယင်းသို့သော အခြေအနေ အချိန်အခါမျိုးတွင် တက္ကသိုလ် ဆရာ၊ ဆရာမများအားလုံးက အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးအတွက် အမျိုးသားညီလာခံကြီးက အစပြုသည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် မိမိတို့ကျရာအခန်းကဏ္ဍက ပါဝင်ကြိုးပမ်း ဆောင်ရွက်ပေးကြရန် အထူးလိုအပ်ပါသည်ဟု ပြောကြားလိုကြောင်း။

ယနေ့ လူငယ်များ အသိအမြင် ဗဟုသုတကြွယ်ဝပြီး ပညာရည်မြင့်မားမှသာ မိမိတို့နှင့်ထိုက်တန်သည့် အမျိုးသားနိုင်ငံတော်ကြီးကို မိမိတို့ကိုယ်တိုင်တည်ဆောက် ကာကွယ်နိုင်မည်ဖြစ်သည်ဆိုသည့်သဘောထား ခံယူချက်ထားရှိပြီး ယနေ့ ကျောင်းသူ၊ ကျောင်းသား လူငယ်များကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အမျိုးသားရေးအမြင် ကြည်လင်ထက်သန်သော ထူးချွန် ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ-

- **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်နိုင်ငံ တစ်နိုင်ငံပီသစွာဖြင့် နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရပ်တည်နိုင်စေရအောင် ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်မည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာသော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းစွမ်းဆောင်ပေးကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းမည့်မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးအောင်မြင်ဖြစ်ထွန်းစေရအောင် အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်တို့ ထက်သန်ခိုင်မာစွာဖြင့် ကျရာကဏ္ဍက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါ။**

ဟု တိုက်တွန်းမှာကြားသည်။

ဆုများချီးမြှင့်

ထို့နောက် သင်တန်းသား သင်တန်းသူတက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများအား ဆုများချီးမြှင့်ခြင်းနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး

...ချောင်းပေါ်တွင် တည်ဆောက်နေသည့် မုန်းချောင်းရေလှောင်တမံကြီးကိုတွေ့ရစဉ်။ ... ၆၀၀၀၀ ကို စိုက်ပျိုးရေပေးဝေမည်ဖြစ်ပြီး မုန်းချောင်းရေအားလျှပ်စစ် စီမံကိန်းမှ ...တော့မည်ဖြစ်သည်။] (ဓာတ်ပုံ-ကြေးမုံ)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပညာရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်နှင့် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်ထံ အလှူရှင် ပြင်ဦးလွင်မြို့ စိုးစံလေ့ကျင့်ရေးစခန်းမှ ဗိုလ်မှူးမောင်လတ်(အငြိမ်းစား)ဇနီး ဒေါ်နန်းယဉ်ယဉ်မိသားစုက မြန်မာနိုင်ငံ ပညာရေးကော်မတီအတွက် ငွေကျပ်သိန်း၂၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်အတွက် အလှူငွေကျပ်တစ်သောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရန်ပုံငွေအတွက် ငွေကျပ်ငါးထောင်နှင့် အမျိုးသားညီလာခံကို ဂုဏ်ပြုလှူဒါန်းငွေ ကျပ်ငါးထောင် စုစုပေါင်း အလှူငွေကျပ် ငါးသောင်းကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကာ သင်တန်းဆင်း အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ်ဆရာ၊ဆရာမများအားရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အခမ်းအနားမစတင်မီ ပညာရေးအလှူငွေပေးအပ်ပွဲ အစီအစဉ်ကိုဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပင်မဆောင် ညှိခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

အစီအစဉ်အရ အလှူရှင် ပြင်ဦးလွင်မြို့ စိုးစံလေ့ကျင့်ရေးစခန်းမှ ဗိုလ်မှူးမောင်လတ်(အငြိမ်းစား) ဇနီး ဒေါ်နန်းယဉ်ယဉ် မိသားစုက မြန်မာနိုင်ငံပညာရေးကော်မတီသို့ ငွေကျပ်သိန်း ၂၀၀နှင့် ပညာသင် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ကို ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်ကလက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

လေ့လာပွားများ အားထုတ်သင့်သော အနတ္တလက္ခဏာသုတ်

လွင်အောင်(အောင်လံ)

မြတ်သော ဝါဆိုလပြည့်နေ့ကို ကျက်သရေမင်္ဂလာပြည့်စုံစွာဖြင့် ကျော်ဖြတ်ခဲ့ကြပြီးဖြစ်ပါသည်။ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ငါးဦးသောပုဂ္ဂိုလ်ထူးတို့အား ဓမ္မစကြာတရား ဟောကြားခဲ့ခြင်းကြောင့် ဝါဆိုလပြည့်နေ့သည် ထူးခြားလေးနက်သော နေ့တစ်နေ့ဖြစ်ခဲ့သည်။ “သန္ဓေ၊ တောထွက်၊ ဓမ္မစက်”ဟူသော လင်္ကာဖြင့် မှတ်သားခဲ့ရသည့်အတိုင်း မြတ်စွာဘုရားအလောင်းတော်သည် မယ်တော်မာယာ၏ ဝမ်းကြာတိုက်၌ မြတ်သော ပဋိသန္ဓေယူတော်မူခြင်း၊ နိမိတ်ကြီးလေးပါးအား မြင်တော်မူ၍ သံဝေဂကြီးစွာရရှိကာ ကြီးကျယ်ခမ်းနားသော မင်းစည်းစိမ်အပြင် ချစ်မြတ်နိုးတော်မူသော ယသော်ဓရာ မင်းသမီးနှင့် သားတော်ရာဟုလာတို့အား စွန့်ခွာ၍ အကြီးမြတ်ဆုံး နိက္ခမပါရမီတော်ကြီးကို နောက်ဆုံးဖြည့်ကျင့်သည့်အနေဖြင့် တောထွက်တော်မူခြင်း၊ သတ္တဝါများအား သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်စေရန်အလို့ငှာ မဟာကရုဏာတော်ရှေ့ထား၍ ဓမ္မစကြာတရားဦးဒေသနာကို ပဉ္စဝဂ္ဂီငါးဦးတို့အား ဟောကြားခြင်းစသော မဟာဗုဒ္ဓဝင်၏ အရေးပါလှသည့် နေ့ထူးနေ့မြတ်သုံးရက်သည် ဝါဆိုလပြည့်နေ့တွင် ပေါ်ပေါက်ခဲ့ခြင်းကြောင့် ဝါဆိုလပြည့်နေ့သည် အလွန်မွန်မြတ်လှသည့် နေ့တစ်နေ့ဖြစ်သည်ကို ဗုဒ္ဓဘာသာဝင်တိုင်း အလေးဂရုပြုမိကြပါသည်။

အလားတူ အရေးပါသောနေ့တစ်နေ့ ရှိနေသေးသည်ကို ဖော်ပြလိုပါသည်။ ထိုနေ့သည် အမှန်စင်စစ် လူသားအားလုံးအတွက် ဗုဒ္ဓမြတ်စွာဘုရားရှင် ဖြစ်စေချင်ဆုံးသောဆန္ဒ ပထမဦးဆုံးဖြစ်မြောက်ခဲ့သောနေ့ဖြစ်သည်။ ယင်းနေ့ကား ဝါဆိုလပြည့်ကျော် ၅ရက်နေ့ပင် ဖြစ်သည်။ အများသိကြသည့်အတိုင်း ဝါဆိုလပြည့်နေ့ ညဉ့်ဦးယံအခါသမယ၌ ဓမ္မစကြာတရားဟောကြားခဲ့ရာ အရှင်ကောဏ္ဍည သောတာပန်အဖြစ်ရောက်ရှိခဲ့သည်။ ဒုတိယနေ့ဖြစ်သော ဝါဆိုလပြည့်ကျော် ၁ရက်နေ့မှစ၍ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိ စသည်ဖြင့် နေ့စဉ်တစ်ပါးစီ သောတာပန်အဖြစ်သို့ရောက်ရှိ အောင်မြင်ခဲ့ရာ ဝါဆိုလပြည့်ကျော် ၄ရက်နေ့တွင် ပဉ္စဝဂ္ဂီငါးဦးစလုံး သောတာပန်အဖြစ် ရောက်ရှိခဲ့ကြပါသည်။ သို့ဖြစ်၍ ဉာဏ်ရည်ပြည့်မြောက်ပြီး ခက်ခဲနက်နဲသော တရားတော်ကို နာခံယူရန် အသင့်ဖြစ်မြောက်ပြီဟု မြတ်စွာဘုရားရှင် ယူဆတော်မူရကား ဝါဆိုလပြည့်ကျော် ၅ရက်နေ့တွင် အနတ္တလက္ခဏာသုတ်ကို ဟောကြားတော်မူခဲ့ပါသည်။

ဘုရားရှင်ပွင့်တော်မမူမီက အတ္တဝါဒသည်သာကြီးစိုးခဲ့သည်။ ဘုရားရှင်ပွင့်တော်မူပြီး သာသနာတွင်း ကာလတွင်လည်း မမှန်သော အယူဝါဒရှိသူတို့အနေဖြင့် အတ္တဝါဒကို ဆက်လက်ယူစွဲနေကြဆဲဖြစ်သည်။ မိမိခန္ဓာကိုယ်ကို နှစ်သက်မြတ်နိုးသာယာခြင်းသည် အတ္တဝါဒပင်ဖြစ်သည်။ ထိုခန္ဓာကို ကျေးဇူးပြုစေတတ်သော ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ဆွေမျိုး၊ ဥစ္စာပစ္စည်းများကို နှစ်သက်သာယာမြတ်နိုးခြင်းတည်းဟူသော တဏှာ၊ ထိုအရာတို့ တည်ရှိနေခြင်းကိုမှီ၍ ဖြစ်သော မာန၊ ထိုကဲ့သို့ရှိနေခြင်းကို မိမိဥစ္စာ ကိုယ်ပိုင်ပစ္စည်းဟု မှားယွင်းစွာ ယူဆနေသော ဒိဋ္ဌိတည်းဟူသော တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကြောင့် သတ္တဝါတို့၏ သံသရာစက်သည် အဆုံးမသတ် လည်ပတ်လျက်ရှိသည်။ ဒုက္ခပင်လယ်အတွင်း၌ ဦးတည်ရာမဲ့ ကူးခတ်လျက်ရှိခဲ့ကြသည်။ အဓိကတရားခံမှာ ခန္ဓာငါးပါးကိုငါ၊ ငါ့ဥစ္စာ၊ ငါ့ခန္ဓာဟု အတ္တစွဲထင်နေကြခြင်းသာဖြစ်သည်။

မြတ်စွာဘုရားရှင်တို့ ပွင့်တော်မူလာကြမှသာ အနတ္တတရားကို ကြားနာကြရသည်။ အသိဉာဏ် ရင့်ကျက်မှု မရှိသော သာမန်ပုဂ္ဂိုလ်တို့အနေဖြင့် အတ္တမရှိဟူသော စကားကို မကြားလိုကြ၊ လက်မခံလိုကြ၊ သံသရာအဆက်ဆက်က စွဲလမ်းခုံမင်တပ်မက်ခဲ့သော မိမိအတ္တသည် အနှစ်မရှိ၊ အစိုးမရ၊ အပိုင်မဟုတ်၊ သူ့သဘော သူဆောင်နေသော အနတ္တတရား ဟူသောစကားကိုမကြားလိုကြပေ၊ ထို့ကြောင့်လည်း မြတ်စွာဘုရားရှင်က ပဉ္စဝဂ္ဂီငါးဦးတို့အား သောတာပန်အဆင့်အထိ အသိဉာဏ်ရင့်ကျက်မှုရှိချိန်တွင်မှသာ ထိုအနတ္တလက္ခဏာသုတ်တရားတော်ကို ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

သောတာပန်အဆင့်သို့ ရောက်ရှိနေကြသော ပဉ္စဝဂ္ဂီငါးဦးတို့သည် အနတ္တလက္ခဏာသုတ်တော်ကို နာကြားရသဖြင့် သကဒါဂါမ်၊ အနာဂါမ်မှတစ်ဆင့် အရဟတ္တမဂ်ဉာဏ်သို့ ရရှိကာ ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြပါသည်။ သို့ဖြစ်၍ မြတ်စွာဘုရားသာသနာ၌ မြတ်စွာဘုရားပြီးလျှင် လူသားများထဲမှ ပထမဦးဆုံး ရဟန္တာဖြစ်သောနေ့ထူးနေ့မြတ် တစ်ရပ်ပင်ဖြစ်ပေတော့သည်။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုသူ ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် ပဉ္စဝဂ္ဂီငါးဦးကို ရဟန္တာဖြစ်စေခဲ့သော အနတ္တ လက္ခဏာသုတ်အား နားလည်ကျွမ်းဝင်သည်အထိ ကျက်မှတ်ခြင်း၊ လေ့လာမေးမြန်းခြင်း၊ သုံးသပ်ဆင်ခြင်ပွားများခြင်းတို့ဖြင့် ပါရမီစခန်းကို ရင့်ကျက်အောင် ကြိုးပမ်းသင့်ပါသည်။

အနတ္တလက္ခဏာသုတ်တရားတော်အား ဟောကြားရာတွင် မြတ်စွာဘုရားရှင်အနေဖြင့် ခန္ဓာငါးပါးသည် အတ္တမဟုတ်ကြောင်း ပထမဦးစွာ ဟောကြားပြီးမှ ခန္ဓာငါးပါးတို့သည် မြဲသောအရာ ဟုတ်မဟုတ်၊ ချမ်းသာသောအရာ ဟုတ်မဟုတ်၊ ဆင်းရဲသော အရာဟုတ် မဟုတ်၊ စွဲလမ်းသင့်သောအရာ ဟုတ် မဟုတ်၊ ယင်းတို့ကိုစွဲ၍ မာနထားသင့်သောအရာ ဟုတ် မဟုတ်၊ အတ္တရှိသည် ဟုယုံကြည်ထိုက်ခြင်း ရှိမရှိ စသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် မေးခွန်းထုတ်ကာ ပဉ္စဝဂ္ဂီငါးဦးတို့ကို ဖြေကြားစေခြင်းများ ပြုလုပ်ခြင်းဖြင့် ဟောကြားခဲ့ကြောင်း တွေ့ရှိရပါသည်။

အကျဉ်းချုံး၍ ဖော်ပြရပါက ခန္ဓာငါးပါးတည်းဟူသော ရူပက္ခန္ဓာ(အကောင်အထည် ကိုင်တွယ်မြင်တွေ့ရသော ရုပ်အစုအဝေး)၊ဝေဒနက္ခန္ဓာ(ကိုယ်နှင့်စိတ်တို့ ကောင်း/ဆိုး ခံစားမှု)၊ သညက္ခန္ဓာ(မှတ်သားမှု)၊ သင်္ခါရက္ခန္ဓာ (ဖြစ်ပျက်ပြုပြင်ခြင်းဆိုင်ရာ စေတနာ၊ စေတသိက်များ)၊ ဝိညာဏက္ခန္ဓာ (သိမှုခံစားမှု သဘောများ) ကို အတ္တများ၊ မိမိပိုင်သောအရာများဟု ခံယူနေကြခြင်းကြောင့် ဆင်းရဲတာရှည်နေကြရခြင်းဖြစ်ပေသည်။ ဖြစ်လိုသောဆန္ဒများကို ရှေ့တန်းတင်ပြီး အဖြစ်မှန်ကိုမမြင်ကြ၊ မြင်အောင်လည်း မကြိုးစားကြ (အချို့မှာအမှန်ကိုသိမြင်ရမည်ကိုပင် စိုးရိမ်နေကြသူများ ရှိကြသေးသည်။)

သဘာဝကျကျအမှန်ကို သိမြင်သည့်ဉာဏ် (ယထဘူတဉာဏဒဿနဉာဏ်)ဖြင့် ကြည့်ရှုခြင်းဖြင့် အဆိုပါ ခန္ဓာငါးပါးကို အတ္တဟုထင်မြင်ယူဆသော အမြင်(ဒိဋ္ဌိ)သည် မှားယွင်းနေပြီး အရာခပ်သိမ်းသည် အကြောင်းတရားတို့ကို အခြေခံပြီး ပေါ်ပေါက်လာသော အကျိုးတရားဆက်များသာဖြစ်သည်ကို သိမြင်လာပါက အနတ္တတရားကိုတွေ့လာရမည်ဖြစ်သည်။ အနတ္တလက္ခဏာသုတ်တရားတော်တွင် ကိုယ်ဖြစ်ချင်တိုင်းမဖြစ်ဘဲ သူ့သဘောသူဆောင်၍ ဖြစ်ပျက်ပြောင်းလဲနေသော သဘောတရားကို ရှိုးရှိုးရှင်းရှင်းဖွင့်ပြဆွေးနွေးဟောပြောသွားပေသည်။ ထိုကဲ့သို့ သူ့သဘောသူဆောင်၍ ဖြစ်ပျက်နေသော ဖြစ်စဉ်အစုအဝေး(ဝါ)ခန္ဓာငါးပါးအစုအဝေးကို ငါ့ဥစ္စာ၊ ငါ့ခန္ဓာ၊ ငါ့သားမယား၊ ငါ့ဆွေမျိုး၊ ငါ့ဥစ္စာ၊ ငါပိုင်တာဟု ထင်မှတ်ခြင်းဟာ သင့်မသင့် မေးခွန်းထုတ်ပြီးအမှန်တရားကို ကိုယ်တိုင်ဆင်ခြင် သိမြင်စေခဲ့သည်။

ဗုဒ္ဓဘာသာဟုခံယူကာ ဘာသာတရားအတော်အတန်လေးလေးစားစားလိုက်နာကြသူများပင်လျှင် အတ္တအယူအစွဲမှ ကင်းလွတ်ရန် ခက်ခဲနေဆဲရှိကြပါသည်။ အမှန်မှာ အနတ္တကိုသာ အမှန်တကယ်သက်ဝင် နားလည်ပါကလည်း သာမန်လူမဟုတ်တော့ဘဲ အရိယာသူတော်စင် ဖြစ်ရတော့မည် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အရိယာသူတော်စင် ဖြစ်ပါမှလည်း အနတ္တကို ကျေလည်စွာ လက်ခံနားလည်နိုင်မည်ဖြစ်ပါသည်။ သို့ရာတွင် အနတ္တကို နားမလည်၍ သူတော်စင်မဖြစ်၊ သူတော်စင် မဖြစ်ကြ၍ အနတ္တကို နားမလည်ဖြစ်နေပါက တစ်သံသရာလုံးကျွတ်လွတ်ဖွယ်ရာ ရှိမည် မဟုတ်တော့ပေ။ သို့ဖြစ်၍ မြတ်စွာဘုရားရှင် ဟောကြားခဲ့သော ဓမ္မစကြာဒေသနာ တရားတော်နှင့် တစ်ဆက်တည်း အနတ္တလက္ခဏာသုတ် တရားတော်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ ကျက်မှတ်ခြင်း၊ အနက်အဓိပ္ပာယ်ကို ရဟန်းပညာရှိ၊ လူပညာရှိများထံ မေးမြန်းလေ့လာ သင်ကြားဆွေးနွေးခြင်း၊ မိမိတစ်ဦးတည်းဆင်ခြင်ပွားများခြင်းများ ကြိမ်ဖန်များစွာ ပြုလုပ်နေပါက ပါရမီဉာဏ် ရင့်သန်လာမည်ဖြစ်ပါသည်။

အနှစ်ချုပ်တင်ပြရပါက ဓမ္မစကြာဒေသနာတရားတော်ကိုနာကြားရသဖြင့် ပဉ္စဝဂ္ဂီငါးဦး သောတာပန်ဖြစ်ခဲ့ကြသည်။ အနတ္တလက္ခဏာသုတ်တရားတော်ကို နာကြားရသဖြင့် ယင်းပုဂ္ဂိုလ်ငါးဦးတို့ ရဟန္တာဖြစ်ခဲ့ကြသည်။ ဤအားကျဖွယ်ဖြစ်ရပ်ကြီးကို မကြာခဏ နှလုံးသွင်းသင့်လှပါသည်။ တရားတော်ကို ရွတ်ဖတ်ခြင်း၊ နာကြားခြင်းတို့သည် ကုသိုလ်စေတသိက်ကို ဖြစ်ပေါ်ပွားများစေပါသည်။ သို့ရာတွင် မြတ်စွာဘုရားလိုလားတော်မူသည်မှာ ရွတ်ဖတ်ရုံ၊ နားကြား ရုံမျှမကသိရှိနားလည် သက်ဝင်ယုံကြည်ကာ ထိုးထွင်း သိမြင်မှုရသည်အထိ ဆင်ခြင်ပွားများရန် ဖြစ်ပါသည်။ ဆင်ခြင်ပွားများခြင်းဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာစသည်ဖြင့် အရိယာပုဂ္ဂိုလ်များ ဖြစ်မြောက်သည်အထိကျင့်ကြံခြင်းသည်သာ တန်ဖိုးအရှိဆုံး ဖြစ်ပါသည်။ သို့ဖြစ်၍အနန္တ ကျေးဇူးတော်ရှင်မြတ်စွာဘုရားအား ကျေးဇူးဆပ်သောအားဖြင့် အနတ္တလက္ခဏာသုတ်ကို လေ့လာပွားများ အားထုတ်သင့်လှပါကြောင်း စေတနာ ကောင်းဖြင့် အကြံပြုတိုက်တွန်းအပ်ပါသည်။ ။

ထွေ/အုပ်ဦးစီးဌာန ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဩဂုတ် ၄

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၆ နာရီခွဲတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဓမ္မာရုံ၌ကျင်းပရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကိုနှင့် ဇနီး ဒေါ်ဇေကရီခိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းနှင့်ဇနီး ဒေါ်ခင်အေးကြူ၊ ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်၊မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ဝန်ထမ်းများနှင့်မိသားစုများတက်ရောက်ကြပြီး ဆရာတော် သံဃာတော် ၁၀ပါးတို့အား ဝါဆိုသင်္ကန်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ (သတင်းစဉ်)

ရန်ကုန် အရှေ့ပိုင်းခရိုင် (၁၇)နှစ်အောက်ဘောလုံးပြိုင်

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် ဥက္ကဋ္ဌဖလားအသက်(၁၇)နှစ်အောက် ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁ရက် ညနေ ၃ နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ ၁၄မြို့နယ်မှ မြို့နယ်ဥက္ကဋ္ဌများနှင့် ဘောလုံးအသင်းသားများ တက်ရောက်၍ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် သဃင်္န်းကျွန်းမြို့နယ် အသင်းနှင့် ပုဇွန်တောင်မြို့နယ်အသင်းတို့ ကွင်းဖွင့်ပွဲ ယှဉ်ပြိုင်ကစားကြရာ သဃင်္န်းကျွန်းမြို့နယ်အသင်းက ငါးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။(က-ပ)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၀)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၄

ကမ္ဘာ့အကြီးဆုံး ဖားကန့်ကျောက်စိမ်းတုံးကြီးကို မြေအောက်ပြတိုက်ပြုလုပ်ပြသမည်၊ ကျွန်းနှင့်သစ်မာများ အိန္ဒိယပို့ရန်စီစဉ်၊ လမ်းကြိတ်စက်များကို ပြည်တွင်း၌ထုတ်လုပ် စသည့် ပြည်တွင်းရေးရာသတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိသည်။

ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက အကြမ်းဖက်တန်ပြန်စစ်ကို ဘုရှ်ထက်သာအောင် တိုက်နိုင်သည်ဟုဆို၊ ဒါကာမြို့ ရေတွေကြီး သုံးဘီးမစီး လှေကိုစီး၊ အသက်အိုသော်ငြား ခန္ဓာပျိုသူများအလှပြိုင်ပွဲ တရုတ်တွင်ကျင်းပမည်၊ အဝချင်းပြိုင် ဘယ်သူနိုင်ပါ့မယ်၊ အီရန်နိုင်ငံ ဒြပ်စင်ခွဲစက်ရုံပြန်ဆောက်နေ အစရှိသည့် နိုင်ငံတကာရေးရာ သတင်းဝေဝေဆာဆာကို e-Empire Media Houseဖုန်း- ၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

(က-ပ)

ဇူလိုင် ၂၉ ရက်က တာမွေမြို့နယ် အမက(၃၁)၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမနှင့် ဘက်စုံစံပြဆုရရှိသူ မစိုးအိအိသဲအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေး ဆုချီးမြှင့်စဉ်။(က-ပ)

မိခင်/ကလေး နှစ်ပတ်လည်စည်းဝေး

သဃင်္န်းကျွန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ၂၀၀၃-၂၀၀၄ခုနှစ် သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးကို ဩဂုတ် ၁ ရက်က သုဝဏ္ဏ (၂၅)ရပ်ကွက် စိန်ပန်းမြိုင်လမ်း မြို့နယ်အသင်းရုံးသစ်၌ ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ရွှေကူနန်းနွဲ့နွဲ့ အမှာစကားပြောကြားစဉ်။ (၅၀၆)

➪ စာမျက်နှာ ၇ မှ

အရိမဒ္ဒနပူရ ပုဂံရွှေနန်းတော်ကြီးကို ရှေးမူမပျက် ပြန်လည်တည်ဆောက်လျက်ရှိသည်နှင့်အညီ ဆရာတော်ကြီးများ၏ဘာသာရေးဆိုင်ရာ ဩဝါဒများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ၊ မြန်မာမင်းများ၏ ရွှေနန်းတည် စာတမ်းများပါ ထီးမူနန်းဟန်အစဉ်အလာများနှင့် ညီညွတ်စေရန် အလေးထား ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နန်းတော်ပုံစံငယ်နှင့် နန်းတော်တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ပထမအဆင့်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပုဂံနန်းတော်ရာ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အနော်ရထာမင်းတရားကြီး၏ ပုဂံနန်းတော်ရာဟောင်း တူးဖော်မှုလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တူးဖော်တွေ့ရှိသော အနော်ရထာမင်းတရားကြီး၏ နန်းတော်အုတ်ရိုးဟောင်းများကို အမိုးပါသောအဆောင်ဖြင့် ထိန်းသိမ်းခြင်းလုပ်ငန်းကို လည်းကောင်း၊ နန်းတော်ရာတူးဖော်ရာမှ တွေ့ရှိသော အိုးခြမ်းကွဲများကို ဓာတုနည်းဖြင့် သန့်စင်၍ကြာရှည်ခံအောင် ထိန်းသိမ်းမှုလုပ်ငန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းသုတေသန ဦးစီးဌာန(အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်နှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှေးဟောင်း နန်းတော်ရာဟောင်းရေရှည်တည်တံ့အောင် စနစ်တကျ ထိန်းသိမ်း ဆောင်ရွက်ရေးနှင့် Site Museumတစ်ခုအဖြစ် ထိန်းသိမ်းပြသနိုင်အောင် ဆောင်ရွက်ရေး မှာကြားသည်။

အဆင့်မြင့်ဟိုတယ်

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဒေင်အုပ်စုကုမ္ပဏီ လီမိတက်၏ အဆင့်မြင့်ဟိုတယ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဒေင်အုပ်စုကုမ္ပဏီ လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က အဆင့်မြင့်ဟိုတယ် အဆောက်အအုံများ တည်ဆောက်သွားမည့် အစီအစဉ်များ၊ ဟိုတယ်ပုံစံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထိန်းသိမ်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဟိုတယ်အဆောက်အအုံများ တည်ဆောက်ရာတွင် ပတ်ဝန်းကျင်ရှိ သာသနိကအဆောက်အအုံများ၏ တင့်တယ်မှုကို မထိခိုက်မပျက်ယွင်းအောင် ထိန်းသိမ်းဆောင်ရွက်သွားရေး၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း သတ်မှတ်ချက်များနှင့်အညီ တည်ဆောက်သွားရေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၃ ရက်က အနော်ရထာမင်းတရားကြီး၏ ပုဂံနန်းတော်ရာဟောင်းတူးဖော်မှုလုပ်ငန်းခွင်၌ နန်းတော်အုတ်ရိုးဟောင်းများ ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကပ်လှူပူဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဩဂုတ် ၃ ရက်က ပုဂံမြို့ ဓမ္မရာဇကစေတီတော်ကိုဖူးမြော်ပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဝါဆိုသင်္ကန်းတော် ကပ်လှူပူဇော်စဉ်။ (သတင်းစဉ်)

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ပုဂံမြို့ ညောင်ဦးရိပ်သာသို့ ရောက်ရှိကြသည်။

ဓမ္မရာဇကစေတီ

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပုဂံမြို့ အနောက်ဖွားစောရွာအနီးရှိ ဓမ္မရာဇကစေတီတော်သို့ သွားရောက်ဖူးမြော်သည်။ ရှေးဦးစွာ စေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုကာ စေတီတော်အရှေ့ဘက်မုခ် အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပန်း၊ ဆီမီး၊ ရေချမ်းနှင့် ဝါဆိုသင်္ကန်းတော်များ ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဓမ္မရာဇကစေတီတော်အတွက် ဂေါပကအဖွဲ့ထံ အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဗုဒ္ဓရုပ်ပွားတော်မြတ်နှစ်ဆူကို ပူဇော်ရန် ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပုဂံမြို့ညောင်ဦးရိပ်သာသို့ပြန်လည်ရောက်ရှိ ရပ်နားကြသည်။(သတင်းစဉ်)

ရေယာဉ် မတော်တဆမှုများမဖြစ်စေရန် ညှိနှိုင်းစည်းဝေး ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ လိုက်နာရန်လိုအပ်

ရန်ကုန် ဩဂုတ် ၄

နိုင်ငံပိုင်ရေယာဉ်များနှင့် ပုဂ္ဂလိကပိုင်ရေယာဉ်များ ပြည်တွင်းမြစ်ကြောင်းများအတွင်း ခုတ်မောင်းသွားလာရာတွင် ရေလမ်းကြောင်းအတွင်း မတော်တဆမှုများ မဖြစ်စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးဖေသန်း၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့မှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကရေယာဉ်ပိုင်ရှင်များ တက်ရောက်ကြသည်။

စနစ်တကျကြပ်မတ်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားရာ၌ ပြည်တွင်းရှိ မြစ်ကြောင်းများအတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာရာ၌ နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ အကုန်အကျခံ တည်ဆောက်ပေးထားသော တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ရေလမ်းကြောင်းများ ကောင်းမွန်ရေး၊ ရေယာဉ်ပေါ်တွင်ပါရှိသည့် ပြည်သူများ၏ အသက်အိုးအိမ် မဆုံးရှုံးစေရေး၊ နိုင်ငံပိုင်ပစ္စည်းများ မဆုံးရှုံးစေရေးတို့အတွက် မတော်တဆမှုများ မဖြစ်ပွားစေရန် ရေယာဉ်ပိုင်ရှင်များအနေဖြင့် မိမိအကျိုး တစ်ခုတည်းကိုမကြည့်ဘဲ သက်ဆိုင်ရာဌာနများက ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများအတိုင်း ကိုယ်တိုင်လည်း လိုက်နာကြရန်လိုသကဲ့သို့ မိမိတို့၏ ရေယာဉ်မောင်းနှင်ရန် တာဝန်ပေးထားသူများကိုလည်း လိုက်နာစေရန် စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဖေသန်းက ရေယာဉ်ပိုင်ရှင်များ သိရှိနားလည်ရန် လိုအပ်သော ရေယာဉ်များ မတော်တဆမှုဖြစ်နိုင်သည့် အခြေအနေများ၊ ဖြစ်စဉ်များကို ဥပမာ၊ သာဓကများဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ခင်က နွေရာသီရေနည်းချိန်နှင့် မိုးရာသီရေများချိန်များတွင် ရေကြောင်းပြ အမှတ်အသားများ စနစ်တကျထားရှိမှုအခြေအနေ၊ စီမံကိန်းဝင် မြစ်ကူးတံတားကြီးများ၏ ရေလမ်းကြောင်းများကို စဉ်ဆက်မပြတ်စစ်ဆေးပြီး ရေလမ်းကြောင်းများ ပြောင်းလဲသတ်မှတ်ပေးမှုအခြေအနေ၊ အခါအားလျော်စွာ သတင်းထုတ်ပြန်ပေးမှုအခြေအနေနှင့် မြစ်ကြောင်းများတစ်လျှောက် ရေယာဉ်စစ်ဆေးရေးနေရာများ သတ်မှတ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများအားစုဖွဲ့၍ ရေယာဉ်မတော်တဆမှု မဖြစ်ပွားစေရန် စစ်ဆေးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်ထား

ဆက်လက်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းက ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်မောင်းနှင်သူများ လိုက်နာရမည့် စည်းကမ်း၊ ဥပဒေနှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဌာနပိုင်ရေယာဉ်များ အခြေအနေနှင့် ရေယာဉ်ဝန်ထမ်းများအား ကြီးကြပ်ညွှန်ကြားထားမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်က စက်ရှိ၊ စက်မဲ့ရေယာဉ်များ လိုင်စင်အတိအကျရှိစေရန် ဆောင်ရွက်ထားရေးတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရေယာဉ်ပိုင်ရှင်များ၏ တင်ပြဆွေးနွေးချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

☆ ကျောဖုံးမှ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပမ္မဝတီမြစ်ကူးတံတား (မြင်းကဆိပ်) တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ပမ္မဝတီမြစ်ကူးတံတား (မြင်းကဆိပ်)မှာ တံတားအရှည်ပေ ၁၂၆၀ရှိ ကြိုးတံတားဖြစ်ကြောင်း သိရှိရသည်။ လက်ရှိလမ်းကြောင်းဖြစ်သည့် ပုသိမ်မှမြောင်းမြသို့ မော်တော်ယာဉ်ဖြင့် ပုသိမ်-ဒါးက-အိမ်မဲ-မြောင်းမြလမ်းထိ ၆၅မိုင် သွားလာရလျက်ရှိရာမှ အဆိုပါတံတားကြီး ပြီးစီးသွားပါက ပုသိမ် - ကံကုန်း-မြင်းကဆိပ်တံတား မြောင်းမြလမ်းမှာ ၃၂မိုင်သာရှိတော့မည်ဖြစ်ရာ ခရီးမိုင် ၃၃မိုင် လျော့နည်း သွားတော့မည်ဖြစ်သည့်အတွက် ပုသိမ်မှ မြောင်းမြသို့ သွားလာကြသည့် ဒေသခံပြည်သူများအနေဖြင့် အချိန်၊ ငွေကြေးနှင့်ပင်ပန်းမှုများ သက်သာပြီး လွယ်ကူစွာ သွားလာနိုင်မည့်အပြင် ကုန်စည်စီးဆင်းမှုမှာလည်း ပိုမို သွက်လက်မြန်ဆန်လာမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မြောင်းမြမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး အဆိုပါကျောင်း၏ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သက်နွယ်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလှဒွေးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် Computer Aided Instruction၊ Computer Application၊ Electronic Media (Language Lab)၊ Electronic Media (Video System)၊ Printed Media (Reading Corner) နှင့် လက်မှုအိမ်တွင်းမှုပြခန်း၊ ပန်းချီအနုပညာပြခန်း တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူလေးများက ဂီတအနုပညာဖြင့် ဖြေဖျော်သည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးက သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု မာလ်တီမီဒီယာ စာသင်ခန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလှဒွေးက မာလ်တီမီဒီယာ စာသင်ခန်းများ ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မြောင်းမြမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကွန်ပျူတာတစ်စုံကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

အလှူငွေပေးအပ်

ဆက်လက်၍ ငွေကျပ်ငါးသိန်းနှင့်အထက် အလှူရှင်မြို့မိမြို့ဖများကိုယ်စား ငွေကျပ် ၁၅သိန်းကို မြောင်းမြမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေကလည်းကောင်း၊ တနင်္သာရီတိုင်း မြိတ်မြို့ အိုကေရတနာ ရိုက်(စ်) အင်ဂျင်နရယ်ထရိတ်ဒင်းကုမ္ပဏီမှ အလှူရှင် ဦးမောင်ထွေးဝေက ငွေကျပ်ငါးသိန်းတန်ဖိုးရှိ ကွန်ပျူတာ တစ်စုံကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လက်ခံသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊အလှူရှင်များ၊ဆရာ၊ ဆရာမများ၊ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

မြောင်းမြတံတားကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မြောင်းမြကြိုးတံတားသို့ ရောက်ရှိ၍ တံတားကြီး၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တံတားကြီးကြံ့ခိုင်မှု အစဉ်ကောင်းမွန်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က စဉ်ဆက်မပြတ် ပြုပြင်မွမ်းမံရေး၊ ကမ်းပါးရေတိုက်စားမှု မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် လပွတ္တာ-မြောင်းမြ-အိမ်မဲ လမ်းအတိုင်း ဆက်လက်ထွက်ခွာလာကြပြီး မရမ်းငူတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြကာ ကမ်းကပ်ခုံနှင့် ရေလယ်တိုင်များ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ မြောင်းမြခရိုင် အင်ဂျင်နီယာမှူး ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ မရမ်းငူတံတားမှာ အရှည်ပေ ၂၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေရှိ သံကူကွန်ကရစ်တံတားဖြစ်ကြောင်းသိရှိရသည်။

ငါးမွေးမြူရေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အိမ်မဲမြို့နယ်နှင့် ပန်းတနော်မြို့နယ် အကြားမိုးကုပ်ကျေးရွာအုပ်စု မိုးကုပ်ဒီဒုတ်ကွင်း၌ အနောက်တောင်တိုင်းစစ်ဌာနချုပ်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် သိပ္ပံနည်းကျ ဧက ၁၀၀၀ ငါးမွေးမြူရေး စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ လုပ်ငန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးတင်မျိုးတင့်က စီမံကိန်း ပထမနှစ်အတွက် ဧက ၂၅၀ ၌ ငါးကန်များ တူးဖော်ပြီးစီးမှု၊ မွေးမြူထားရှိသည့် ငါးအမျိုးအစား၊ ငါးကောင်ရေနှင့် ကုန်ထုတ်လမ်းကြောင်း အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရွှေကဆုန် ငါးမွေးမြူရေးလုပ်ငန်း ဒါရိုက်တာ ဦးမင်းသိဏ်းက ဧက ၂၅၀ရှိ ငါးကန်အတွင်း ငါးမြစ်ချင်း၊ ငါးကြင်းဖြူနှင့် ငါးခေါင်းပွ အပါအဝင် ငါးသားပေါက် တစ်သိန်းသုံးသောင်း မွေးမြူထားရှိမှု၊ ဆက်လက်၍ ငါးသားပေါက်အကောင်ရေ သုံးသိန်းခုနစ်သောင်းအထိ မွေးမြူထားရှိရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားပြီး စီမံကိန်းပထမနှစ် ကာလအတွင်း ဧက ၂၅၀တူးဖော်ပြီးစီးမှုနှင့် ငါးသားပေါက်များ မွေးမြူထားရှိမှုတို့ကို ရှုရပ်မှ ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သိပ္ပံနည်းကျဧက ၁၀၀၀ ငါးမွေးမြူရေးစီမံကိန်းကို သုံးနှစ်စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ပထမနှစ်တွင် ဧက ၂၅၀၊ဒုတိယနှစ်တွင် ဧက ၂၅၀နှင့် တတိယနှစ်တွင် ဧက ၅၀၀တူးဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပန်းတနော်မြို့သို့ရောက်ရှိ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာကြရာ ညနေဖြနာရီတွင် ပန်းတနော်မြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်တင်က မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် အဘက်ဘက်က ဆောင်ရွက်နေသည့်နည်းတူ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ပထမအဆင့်အဖြစ် အမျိုးသားညီလာခံကြီး ကျင်းပလျက်ရှိသည်ကို အားလုံးအသိဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကအရေးပါသော အခြေခံအချက်များဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်တွင် အေးချမ်းတည်ငြိမ်မှုရရှိနေပြီဖြစ်ရာ ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။

အဓိကသီးနှံ

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်က စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသ၏ စီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဖြစ်၍ တိုးချဲ့ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံရန်သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန် နိုင်ငံတော်က အဓိကသီးနှံ ၁၀ မျိုးကို သတ်မှတ်ပေးထားကြောင်း၊ အမယ်သစ်သီးနှံဖြစ်သည့် ဂရုတ်ကောင်းကိုလည်း အိမ်ခြံဝင်းရှိ သစ်ပင်ကြီးများတွင်လည်းကောင်း၊ သစ်တောများတွင်လည်းကောင်း၊ ခြံကျယ်များဖြင့် လည်းကောင်း စိုက်ပျိုးရန်လိုအပ်သကဲ့သို့ အရိပ်လည်းရ၊ စားသုံးဆီလည်းရသည့် သစ်ဆိမ့်ပင်များကို တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ မွေးမြူရေးကဏ္ဍတွင်လည်း ငါးမွေးမြူရေး၊ ဒေသကြက်နှင့် ဘဲများကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်အထိ အိမ်တိုင်းမွေးမြူကြရန်လိုကြောင်း၊ သို့မှသာ မိမိမြို့နယ်သာမက နိုင်ငံတော်အတွက်လည်း အကျိုးရှိမည်ဖြစ်ကြောင်း၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်၍ တက္ကသိုလ်ကြီးများ၊ ဆေးရုံကြီးများကို ဖွင့်လှစ်တည်ဆောက်ပေးလျက်ရှိကြောင်း၊ ထို့အတူ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ် ချမှတ်ပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားတိုးတက်လာအောင် ဆောင်ရွက်ပေးလျက်ရှိရာတွင် တာဝန်ရှိသူအဆင့်ဆင့်က အောက်ခြေအထိကွင်းဆင်းပြီး ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများကလည်း မိမိတို့ဌာန၏ တာဝန်နှင့်ဝတ္တရားများကို ဆောင်ရွက်ရာတွင် တာဝန်ကျေသဘောမဟုတ်ဘဲ နိုင်ငံတော်အတွက် စေတနာထားပြီး အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်မှသာ မိမိမြို့နယ်နှင့် မိမိတိုင်းပြည် တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့အတူမိမိမြို့ကိုလည်း မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ် လှပစေရေးအတွက် ဒေသခံပြည်သူများက တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ဖြင့်ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပန်းတနော်မြို့နယ်၌ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မိုးစပါးစိုက်ပျိုးမှုမှာ ယခင်နှစ်ထက်ဧက ၄၀၀၀ တိုးချဲ့၍ ဧက ၈၁၇၁၁ဧက စိုက်ပျိုးပြီးဖြစ်ရာ ရာခိုင်နှုန်းအားဖြင့် ၉၉ဒသမ ၆၀ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မအူပင်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း မြောင်းမြမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းထံ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက အလှူရှင်များ၏ လှူဒါန်းငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း မြောင်းမြမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သက်နွယ်နှင့် ကျောင်းအကျိုးတော်ဆောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဧရာဝတီမြစ်ရေ ဆက်လက်ကျဆင်းနေ

ရန်ကုန်   ဩဂုတ်   ၄

ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် စိုးရိမ်ရေမှတ်အထက်တွင် နှစ်ပေခန့်ရှိနေသည်။ အဆိုပါမြစ်ရေသည် ဆက်လက်ကျဆင်းနေပြီး ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ရောက်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် စိုးရိမ်ရေမှတ်အထက်တွင် လေးပေခန့်ရှိနေသည်။ အဆိုပါမြစ်ရေသည် ဆက်လက်ကျဆင်းနေပြီး ယနေ့မွန်းတည့်မှ နောက်ခုနစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်သည်။

မြိုင်ကြီးငူဆရာတော်၏ (၅၆)နှစ်မြောက် ဝိဇာတမင်္ဂလာအခမ်းအနားနှင့် စုံနံ့သာမြိုင် ဆွေမြို့တော် သံဃာအပါး ၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၄

မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန၏ (၅၆)နှစ်မြောက် ဝိဇာတမင်္ဂလာအခမ်းအနားနှင့် ကရင်ပြည်နယ် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူအထူးဒေသ) ငြိမ်းချမ်းမင်္ဂလာအထိမ်းအမှတ် ဆဋ္ဌမအကြိမ် သံဃာတော်အပါး၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၃ရက် နံနက် ၉နာရီတွင် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူအထူးဒေသ)ရှိ အောင်မင်္ဂလာပရိယတ္တိစာသင်တိုက် နှစ်ထပ်ဆွမ်းစားကျောင်းဆောင်၌ကျင်းပသည်။

အခမ်းအနားသို့ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန အမှူးပြုသော ဆရာတော် သံဃာတော်အပါး ၁၀၀၀တို့ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အလှူရှင် ရွှေသံလွင်ကုမ္ပဏီမိသားစုများ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ လှူဖွယ်ပစ္စည်းများနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်က လှူဒါန်းသော လှူဖွယ်ပစ္စည်းများကို မြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တသုဇနအား ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လှူဖွယ်ပစ္စည်းများကို မြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တသုဇနအား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် သင်္ကန်းအစုံ ၁၀၀ ကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနအား ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူ၊ ဌာနဆိုင်ရာအကြီးအကဲများ၊တပ်မတော် ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဗိုလ်မှူးချုပ် သန်းထွန်းကိုယ်စား ဗိုလ်မှူး တင်စောနိုင်၊ အလှူရှင်ရွှေသံလွင်ကုမ္ပဏီ မိသားစုနှင့် ဒေသခံတိုင်းရင်းသားများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြိုင်ကြီးငူအထူးဒေသ အတွက် အလှူတော်ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြရာ မြိုင်ကြီးငူ ဆရာတော်၏ (၅၆)နှစ်မြောက် ဝိဇာတ ရက်မြတ် အလှူတော်အတွက် သင်္ကန်း အစုံ ၁၀၀၀၀၊ ခရီးဆောင်အိတ်အလုံး ၃၆၀၀နှင့် လှူဖွယ်ပစ္စည်းများအတွက် ကျသင့်ငွေ ကျပ် ၆၀၉၈၀၀၀၀ ကို ရွှေသံလွင်ကုမ္ပဏီ နာယက သီရိသုဓမ္မ သိင်္ဂီ သီဟသုဓမ္မသိင်္ဂီ မဟာသီရိသုဓမ္မ သိင်္ဂီ ဒေါ်နီနှင့် ဒါရိုက်တာအဖွဲ့ဝင်များ က ပေးအပ်လှူဒါန်းကြပြီး မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က လက်ခံသည်။

ထို့နောက် မြိုင်ကြီးငူဆရာတော်၏ (၅၆)နှစ်မြောက် ဝိဇာတ ရက်မြတ်အလှူ တော်အတွက် ဆရာငြိမ်းနှင့် မိသားစုက အလှူငွေကျပ် သုံးသိန်းကို ပေးအပ် လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်က လက်ခံသည်။

ယင်းနောက် မြိုင်ကြီးငူဆရာတော်၏ (၅၆)နှစ်မြောက် ဝိဇာတ ရက်မြတ် အလှူတော်အတွက် ဒေသခံတိုင်းရင်း သားများ၏ လှူဒါန်းငွေကျပ် ၅၆သိန်း ကို အလှူရှင်များကိုယ်စား စောမောသို က ပေးအပ်ရာ သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် က လက်ခံသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ငွေကျပ်သိန်း ၆၀၊ မြိုင်ကြီးငူ အခြေခံပညာအထက်တန်း ကျောင်း ကျောင်းဆောင်သစ် ဆောက် လုပ်ရန် ငွေကျပ်သိန်း၅၀၊ ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀နှင့် ကျောင်းဝတ်စုံများကို ပေးအပ်ရာ ဦးသာထူးကျော်က လက်ခံ သည်။

ဆက်လက်၍ မြိုင်ကြီးငူဆရာတော် က ချီးမြှင့်သော စာပေပညာရှင် သီးသန့် ဂုဏ်ထူးဆောင် လက်မှတ်ကို မြိုင်ကြီးငူ ဆရာတော် ဘဒ္ဒန္တသုဇနက ဂုဏ်ထူး ဆောင် လက်မှတ်ရရှိသူ ဦးလေးနောင် (မြိုင်နန်းဆွေ)အား ချီးမြှင့်သည်။

ထို့နောက် မွန်ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က ကောဒသမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် အကပြိုင်ပွဲ တွင် ပထမဆုရ စောထွန်းထွန်းလင်း၊ အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ်အကပြိုင်ပွဲတွင် ပထမဆုရ စောထက်ရှိုင်း၊ အခြေခံ ပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)နှစ် အကပြိုင်ပွဲ တွင် ပထမဆုရ စောကျော်လင်းစိုး၊ ဝါသနာရှင်အဆင့် အရေးပြိုင်ပွဲတွင် အထူးဆုရ ဦးစောစံအေးနှင့် အခြေခံ ပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် တတိယဆုရ စိန်ဘမောင်ဆိုင်းအဖွဲ့ ကိုယ်စားအဖွဲ့ခေါင်းဆောင်စောဘမောင် တို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ယင်းနောက် သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် က ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တွင် ဘောဂဗေဒဂုဏ်ထူးတစ်ဘာသာ ဖြင့် အောင်မြင်ခဲ့ကြသော မဇာဇာဝင်း နှင့် မမီမီစိုးတို့အား လည်းကောင်း၊ ရိုးရိုးအောင်မြင်သူ ၃၂ဦးတို့၏ ကိုယ်စား နော်သဇင်ဦးအား လည်းကောင်း ဂုဏ်ပြု ဆုများကို ချီးမြှင့်သည်။

ထို့နောက်ဦးကျော်သန်းက မြိုင်ကြီးငူ အထူးဒေသ လူမှုရေးထောက်ပံ့ငွေ အတွက် ငွေကျပ် ၉၄၅၀၀၀ကို ပေးအပ် ရာ ဦးအောင်ငွေက လက်ခံသည်။

ဆက်လက်၍ ဦးကျော်သန်းက မြိုင်ကြီးငူဒေသတွင် တာဝန်ထမ်းဆောင် နေကြသော ဝန်ထမ်း ၂၃၃ ဦးတို့အား ဂုဏ်ပြုဆုငွေများကိုချီးမြှင့်ရာ ဝန်ထမ်း များကိုယ်စား တိုင်းရင်းဆေးခန်းဆေးမှူး ဦးဇော်လင်းထွေးက လက်ခံသည်။

ယင်းနောက် အလှူရှင် ရွှေသံလွင် မိသားစုက အလှူမင်္ဂလာပွဲသို့ ကြွရောက် တော် မူလာကြသော သံဃာတော်များ၊ ရှင်သာမဏေများအား လှူဖွယ်ပစ္စည်း များကို ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)



မြိုင်ကြီးငူဆရာတော် (၅၆)နှစ်မြောက် ဝိဇာတမင်္ဂလာအခမ်းအနားနှင့် ကရင်ပြည်နယ် စုံနံ့သာမြိုင် ဆွေမြို့တော်(မြိုင်ကြီးငူအထူးဒေသ) ဆဋ္ဌမအကြိမ် သံဃာအပါး ၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်က လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများကို မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနအား ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြိုင်ကြီးငူဆရာတော် (၅၆)နှစ်မြောက် ဝိဇာတမင်္ဂလာအခမ်းအနားနှင့် ကရင်ပြည်နယ် စုံနံ့သာမြိုင် ဆွေမြို့တော် (မြိုင်ကြီးငူအထူးဒေသ) ဆဋ္ဌမအကြိမ် သံဃာအပါး ၁၀၀၀ ဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနအား ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

သာစည်နွယ်ဖွားဆရာတော်များအား ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်ရောက် သာစည်နွယ်ဖွားဆရာတော်များအား သာစည်အသင်း (ရန်ကုန်)မှ ဩဂုတ် ၁၅ရက်(ဝါဆိုလကွယ်နေ့)၌ ရန်ကင်းမြို့နယ် အောင်ချမ်းသာ ပရိယတ္တိစာသင်တိုက်တွင် ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်ပါ၍ ရန်ကုန်ရောက် သာစည် နယ်သူ၊ နယ်သားများနှင့် အသင်းဝင်များ ပူဇော်နိုင်ရန် နှိုးဆော်ထားသည်။ (က-ပ)

စက်မှုလက်မှုတိုးတက်ရေးဂျာနယ် အတွဲ(၂)၊ အမှတ်(၁၀)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၄

စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ စက်မှုလက်မှုဆိုင်ရာ စည်းရုံးလှုံ့ဆော်ရေး၊ သတင်းဖြန့်ချိရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီက ထုတ်ဝေသော စက်မှုလက်မှုတိုးတက်ရေး ဂျာနယ် အတွဲ(၂)၊ အမှတ်(၁၀)ကို ယနေ့ထုတ်ဝေဖြန့်ချိသည်။

ယခုအပတ်တွင် မြင်းခြံမြို့က ထုတ်လုပ်သည့် မြေလတ်ဂျစ်ကား၊ အောင်ဖြိုးလယ်ယာသုံး စက်ပစ္စည်းများ ထုတ်လုပ်ရေး၊ စတင်စီဟာ-မြန်မာ ဖက်စပ်ကုမ္ပဏီနှင့် တွေ့ဆုံခြင်း၊ ပြည်တွင်းဖြစ်စက္ကူစက်၊ မန္တလေးစက်မှု အလင်းတန်းများစသည့် ပြည်တွင်း စက်မှုဇုန်ဆိုင်ရာ သတင်းဆောင်းပါး များ၊ နိုင်ငံတကာစက်မှုလက်မှုဆိုင်ရာ တီထွင်မှုများနှင့် အနုပညာဆိုင်ရာ ကဏ္ဍများ စုံလင်စွာပါရှိသည်။

Media Express Group က ကြီးမှူး၍ ဆင်တောင်ကြီးစာပေ၊ သီတာနီလာစာပေ၊ မန္တလေးနဂါး စာပေ၊ ထွန်းဦးစာပေတို့က ဖြန့်ချိထားသည်။ (က-ပ)

မိုးသည်းထန်နိုင်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၈-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း၊

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓေ မဟာရဋ္ဌဂုရု၊ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၀၅ ၇။ အကပဒေသာ
- ၈:၂၀ ၈။ ကံတင်ဘီးလင်းရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း၊

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၅:၁၅ ၆။ ချစ်စရာအရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ တေးဂီတအစီအစဉ်
- ၅:၄၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၆:၀၀ ၉။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆:၁၅ ၁၀။ သက်တံရောင်သံစဉ်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ်(အပိုင်း-၄၅)**
- ၇:၃၀ ၁၄။ မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများ
- ၇:၄၅ ၁၅။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆဒ္ဒန်ဆင်မင်းဇာတ်တော်ကြီး (ဒုတိယဆု) (ရန်ကုန်တိုင်း-၂) (ဒုတိယပိုင်း)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဩဂုတ်လအတွက်
(၈-၈-၂၀၀၄)ရက်နေ့
နှင့်
(၂၉-၈-၂၀၀၄)ရက်နေ့

အာဆီယံစျေးရောင်းပွဲတော်

ASEAN FOOD FESTIVAL

7 Aug; 2004 Kandawgyi Palace
10:00AM - 2:00PM Hotel (Lake View)

တောင်ကြီးအသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဩဂုတ် ၄

တောင်ကြီးအသင်း(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သင်းလုံးကျွတ်အစည်းအဝေးကို ဩဂုတ် ၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ကမ္ဘောဇသာသနာ့ဗိမာန်တွင် ကျင်းပမည်ဖြစ်ရာ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီး များ၊ အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များ၏ မိဘဘိုးဘွားများ ဩဂုတ်၁၅ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန်နှင့် အသင်းသားမိသားစုများအားလုံး တက်ရောက်ကြရန်နှင့် ဖုန်း-၆၆၂၇၃၂၊ ၆၆၂၇၅၀၊ ၇၂၂၁၈၆နှင့် ၇၂၈၇၀၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)



ဇူလိုင် ၂၅ရက်က ပုဇွန်တောင်မြို့နယ် ကျီတော်ရပ် လိပ်ကန်လမ်း အမှတ်(၆၈)နေ ဦးလှရွှေနှင့် သားသမီးမြေးမြစ်တို့က ဇနီး ဒေါ်လှလှဝင်းအား ရည်စူး၍ ဆုတောင်းပြည့် ကြေးတော်ကြီးဘုရား ဂန္ဓကုဋိတိုက် ဆောက်လုပ်ရန် ငွေ ၉၉၉၉၉ကျပ်ကို လှူဒါန်းရာ ဆရာတော်နှင့် အကျိုးတော်ဆောင်အဖွဲ့က လက်ခံယူကြစဉ်။ (က-ပ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၄-၈-၂၀၀၄)

ဘားအံ	-	၄ ဒသမ ၄၉ လက်မ
မော်လမြိုင်	-	၄ ဒသမ ဝ၆ လက်မ
သထုံ	-	၃ ဒသမ ၉၄ လက်မ
ရေး	-	၂ ဒသမ ၆၄ လက်မ

ရန်ကုန်မိုးရေချိန်

(၄-၈-၂၀၀၄)

မင်္ဂလာဒုံ	-	၁ ဒသမ ၇၃ လက်မ
ရန်ကုန်မြို့လယ်	-	၁ ဒသမ ၅၇ လက်မ
ကမ္ဘာအေး	-	၁ ဒသမ ၄၂ လက်မ

မွေးနေ့ဆုမွန်

လှဲ့ဝါဖြူညွန့်သိန်း

B.A(BM),Dip in A/C, Dip in BA (Cambridge)

မိဘပေါ် သိတတ်လိမ္မာသော တစ်ဦးတည်းသော ချစ်သမီးလေး၏ ၅-၈-၂၀၀၄ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်ချမ်းမြေ့မှုအပေါင်းနှင့် ပြည့်စုံပါစေ၊ ပိုမိုမြင့်မားသော ရည်မှန်းချက်များနှင့် ပြည့်စုံအောင်မြင်သောဘဝကို ရယူနိုင်ပါစေ။

ချစ်မေမေ - ဒေါ်စန်းဝင်းမေ M.D(N.T.A Co.,Ltd.)
ချစ်မောင်လေးများ - ကိုလင်း၊ ကိုဖြိုး။

Y.E.S.

Basic Spoken English : AUG - 9,16,21,23,30
Pre-Intermediate English : AUG-16,21,30
Basic Writing, Intermediate English: AUG - 21
Grammar Foundation Course : AUG - 23
Vocabulary Enrichment Course : AUG - 30
SAT (I), TOEFL, IELTS : AUG - 3,23,28
No.119, YMCA Building, Bogalayzay Street, Botataung TSP.
- 245821

ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဂုဏ်ပြုလက်မှတ်များ ထည့်သွင်းချိမြှင့်ရန် ယွန်းဘူး (စာချွန်လွှာဘူး) ၂၀၀၀ဘူးကို ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်အပ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၃-၈-၂၀၀၄ ရက်နေ့ ၁၆နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီရုံး (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစု)တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂၊ လိုင်းခွဲ ၂၃၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ။

JOB VACANCY
(Local Service Only)

1. Sales Manager - 2 posts
- BE degree would be an advantage
- Minimum 3 years experience in relative field
2. Sales Executive - 3 posts
- BE degree or AGTI diploma holder
- Minimum 2 years experience in relative field
3. Sales Assistant - 3 posts
- Any Graduate

All candidates must have computer literate, be able to communicate well in English both oral & written. Driving license would be an advantage. Interest person may submit CV with labour registration card to
PO Box 749
General Post Office, Yangon
within 7 days of this advertisement.

FAME
Urocrush®
ဆီးကျောက်ပျော်ဆေး

Stamford-City Business Institute
သင်တန်းသစ်များ
Elementary, Intermediate I, Intermediate II
Advanced, Proficiency, TOEFL, IELTS
* Basic and Advance Computer
* Computerized Accounting Programme
* LCCI Level I&II * LCCI Level III
FMI Centre, 5th Floor, 380, Bogyoke Aung San Street, Pabedan T.S. Yangon.
Phone: 240347-352, Ext: 1508

Singapore Scholarship Programme
Insworld School, British Academic Excellence
GCE (O/A) Level, University Foundation Programme
Seminar : Grand Plaza Parkroyal Hotel
Date : 15 August 2004 (9:00 - 11:00 am)
စိတ်ဝင်စားသူများအားလုံး အခမဲ့တက်ရောက်နိုင်သည်
12-01, Olympic Tower, BoAungKyaw Street
Tel: 243161, 256602

စီးပွားရေးမဂ္ဂဇင်း
ဩဂုတ်လ ၂၀၀၄ ထွက်ပြီ
* ဒီပနိုဒ္ဓ - Reengineering

မြန်မာ-ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်ကို မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်း၌ ကျင်းပမည်

MYANMAR GOLF TOUR

ရန်ကုန် ဩဂုတ် ၄

Myanmar PGA နှင့်မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့ကကြီးမှူး၍ မြန်မာ-ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပွဲဦးထွက်ပွဲစဉ်အဖြစ် Shwesaryan Open Golf Champion-ship ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၁၂ရက်မှ ၁၅ရက်အထိ Shwesaryan Golf Resort၌ ကျင်းပမည်ဖြစ်သည်။

ပွဲဦးထွက် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Professional Golfers များနှင့်အတူ ပါဝင်ယှဉ်ပြိုင်ကြမည့် အမျိုးသား အပျော်တမ်း ဂေါက်သီးရိုက် အားကစားသမားများအတွက် Handicapသုညမှ ၁၂ချက်အထိ ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး အသက်(၁၈)နှစ်မပြည့်သူများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း သိရှိရသည်။

ယင်းပြိုင်ပွဲ မစတင်မီ Pro အဆင့်သို့ ကူးပြောင်းလိုသော အမျိုးသား အပျော်တမ်း ဂေါက်သီးရိုက် အားကစားသမားများအနေဖြင့် Handicap(0-9) အဆင့်ရှိသော ဂေါက်သီးရိုက်အားကစားသမားအတွက်လက်ရည်စစ်ပြိုင်ပွဲ (Q-School)ကို ဩဂုတ် ၉ရက်နှင့် ၁၀ရက်၌ များ နံနက် ၇နာရီတွင် မန္တလေး ရွှေစာရံဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့်ဂေါက်သီးရိုက်အားကစားသမားများအတွက်မော်တော်ယာဉ်စီစဉ်ထားပြီးဖြစ်၍ ရန်ကုန်-မန္တလေး လိုက်ပါကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် ဩဂုတ် ၅ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍ Han Event Management ရုံး ဖုန်း-၅၄၂၉၈၉၊ ၇၂၃၂၂၁တို့သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး မန္တလေးမှ ရွှေစာရံ ဂေါက်ကွင်းသို့လည်း မော်တော်ယာဉ် ကြို/ပို့များ စီစဉ်ထားရှိသည်။

မန္တလေးမြို့ Shwesaryan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် Professional Golfers များနှင့် အပျော်တမ်း ဂေါက်သီးရိုက် အားကစားသမားများသည် ဩဂုတ် ၁၀ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ Shwesaryan Golf Resort သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

(သတင်းစဉ်)

TECH Training Centre

SUPER A ONE
Grammer.

အမည်ပြောင်းခြင်း

ဦးဥာဏ်ကြင်၏သား လမ်းမတော် အထက-၂၊ ဒသမတန်း(ခ)မှ မောင်ဇေယျာဝင်းထိုက်အား မောင်စိုးလွင်ဦးဟု ပြောင်းလဲခေါ်ပါရန်။

မောင်စိုးလွင်ဦး။

ကျေးဇူးဆပ်ပါမည်

ကျွန်မ ခင်နှင်းအေး[၁၂/ရကန(နိုင်)၀၀၀၈၇၅]၏ ယာဉ်မောင်းလိုင်စင်နှင့် အရေးကြီးကတ်ပြားပါဝင်သော ပိုက်ဆံအိတ်တစ်လုံး ပျောက်ဆုံးသွားပါ၍ တွေ့ရှိကအကြောင်းကြားပါ။

တိုက် ၂၃၆၊ အခန်း(၇)၊
တိုက်လေးလုံး၊ (၆)ရပ်ကွက်၊
ရန်ကင်း၊ ဖုန်း-၅၅၄၇၁၇၊
၅၄၁၆၀၁၊ ၀၉-၅၀၂၀၇၂၉။

ပုညခင်
ရင်ခုန်ခဲ့ရတဲ့ဝေဝါ

ဒေါ်တင်တင်သက်[၁၂/ရကန(နိုင်)၀၄၈၀၆၂]၊ ဦးလှဝင်း(ခ)အဗ္ဗဒူရာဟင်[၁၂/ကတတ(နိုင်)၀၂၂၆၄၂]နှင့် အများသိသာရန်ကြေညာတားမြစ်ခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၁၃၇)နေ ဦးဗိုဒိုရာဆွာမိ[၁၂/ဗတထ(နိုင်) ၀၃၁၃၉၇]၏ အမည်၊ အထူးကိုယ်စားလှယ်လွှဲစာတို့ကို ဒေါ်တင်တင်သက်က မရိုးမသားအလွဲသုံးစားပြုကာ ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉ ကေ၂)၊ မြေကွက်အမှတ်(၁၀+၁၀အေ) ဧရိယာ သုညဒသမ ၀၉၅ ဧက+သုညဒသမ ၀၂၃ဧကရှိ နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ်(၂၂၈/၂၃၀)ဟုခေါ်တွင်သော မြေနှင့်အဆောက်အအုံတို့အား ဦးလှဝင်း(ခ) အဗ္ဗဒူရာဟင်သို့ မမှန်ကန်သောနည်းဖြင့် အရောင်းစာချုပ်အမှတ်(၂၁၂၀/၂၀၀၃)ကို ချုပ်ဆိုပြီး လက်ရောက်လွှဲပြောင်းပေးထားကြောင်း သိရခြင်းကြောင့် ၎င်းတို့အပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါသဖြင့်၊ အဆိုပါ ပစ္စည်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာပတ်သက်လက်ခံဆောင်ရွက်ခြင်း အလျဉ်းမပြုလုပ်ကြရန် အသိပေးတားမြစ်အပ်ပါသည်။

ဦးဗိုဒိုရာဆွာမိ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးဟန် [B.A (Law) LL.B]၊ တရားရုံးချုပ်ရှေ့နေ(စဉ်-၁၇၅၁)
အမှတ်(၁၇၀)၊ (၃-ထပ်)၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကရင်ပြည်နယ် မာလ်တီမီဒီယာ စာသင်ခန်းများအတွက် အထောက်အကူပြု ပစ္စည်းများ ပေးအပ်လှူဒါန်း

ဘားအံ ဇူလိုင် ၂၀

၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ်အတွင်း ကရင်ပြည်နယ် အခြေခံပညာ အထက်တန်းကျောင်း အားလုံးသို့ မာလ်ဒီမီယာ စာသင်ခန်းများ ဖွင့်လှစ်နိုင်ရေးအတွက် အထောက်အကူပြု ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းနှင့် အခြေခံပညာ ဆရာ၊ ဆရာမများအား တွေ့ဆုံမှာကြားခြင်း အခမ်းအနားကို ဇူလိုင် ၁၇ရက် နံနက် ၈နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးက အဖွင့်လမ်းညွှန် အမှာစကားပြောကြားပြီး ကရင်ပြည်နယ်အတွင်း မြို့နယ် ခုနစ်မြို့နယ်သို့ ကွန်ပျူတာများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဘားအံမြို့နယ် မြို့နယ်ပညာရေးမှူး ဦးစောထင်ကြေးက အခြေခံပညာ ကျောင်းများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားပါသည်။

ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ကရင်ပြည်နယ်အတွင်း အခြေခံပညာ အထက်တန်း ကျောင်း ၃၅ ကျောင်းအတွက် ကွန်ပျူတာ ၁၀၂လုံး ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ငှက်ဖျားရောဂါ ကာကွယ်ရေးဟောပြော

လွိုင်ကော် ဇူလိုင် ၂၀

ပဉ္စမအကြိမ်မြောက် အမျိုးသား ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပေး ဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက်က ပြည်နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ လွိုင်ကော်မြို့နယ်ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး သောင်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ကယားပြည်နယ် ငှက်ဖျားရောဂါ တိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်သီက ငှက်ဖျားရောဂါ ကာကွယ်ရေးနှင့် ပတ်သက်သည့် လက်ကမ်းစာများကို ရှင်းလင်းခြင်းနှင့် ငှက်ဖျားရောဂါ လက်တွေ့ဖြစ်ရပ်များကို ဆွေးနွေး ဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(၄၄၆)**

ကျိုက်ထီးရိုး ဆံတော်ရှင်မြတ်ကြီး၏ အနီးတစ်ဝိုက် တောင်တန်းများတွင် ဝါဆိုသီတင်းသုံးလျက်ရှိကြသည့် သံဃာတော်များအား အောင်မြင့်ဟိန်း သာသနာပြုအဖွဲ့မှ စုပေါင်း၍ ဆွမ်းဆန်လှူဒါန်းပွဲကို ကျိုက်ထီးရိုးရင်ပြင် ကျောင်းတိုက်၌ ဇူလိုင် ၃ ရက်က ကျင်းပရာ ဆွမ်းဆန်အိတ် ၁၀၀ကို ကျိုက်ထီးရိုးရင်ပြင်တော်ကျောင်း ဆရာတော်ထံ အဖွဲ့ခေါင်းဆောင် ဦးအောင်မြင့် ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လှည်းကူးမြို့နယ် မအူကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးသစ်ဖွင့်ပွဲနှင့် ကိုယ့်အားကိုယ်ကိုး (ထွန်းလင်းရောင်ခြည်) စာကြည့်တိုက် ဖွင့်ပွဲကို ဇူလိုင် ၂၆ ရက်က အဆိုပါရုံးသစ်၌ ကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်အုန်းမြင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးစန်းငွေနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သိန်းဥတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

ခင်ဦး ဇူလိုင် ၂၉

ခင်ဦးမြို့နယ် စည်ပင်သာယာရေး အဖွဲ့က မိုးရာသီ ရေစီးရေလာကောင်း မွန်ရေးအတွက် ရွှေဘိုနှင့် ရေဦး ကားလမ်းတစ်လျှောက် ဝဲ၊ ယာတွင် ရေစီးရေလာကောင်းမွန်ရန် ရေမြောင်း တူးဖော်ခြင်း၊ အမှိုက်သန့်ရှင်းခြင်းကို ဇူလိုင် ၁၀ ရက်တွင် မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင် ဝန်ထမ်းများနှင့် မြို့ပေါ် လေးရပ်ကွက်မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်သူ ၄၀၀ ကျော်တို့က စုပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဘုန်းတော်ကြီးသင် မူလတန်းကျောင်းဖွင့်ပွဲ ကျင်းပ

ငါန်းဇွန် ဇူလိုင် ၂၅

မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် အမှတ်(၅)ရပ်ကွက် သိမ်တော်ကျောင်းတိုက်၌ ဘုန်းတော်ကြီးသင် အခြေခံပညာ မူလတန်းကျောင်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၇ရက် နံနက် ၁၀နာရီတွင် ကျင်းပရာ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် စလေကျောင်းတိုက် (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု တိုင်းကြီးကြပ်ရေးဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိဇယက ဘုန်းတော်ကြီးသင် မူလတန်းကျောင်း ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီး ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းမိန့်ကြားတော်မူသည်။

လှူဒါန်း

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးစန်းမြင့်က အမှာစကားပြောကြားသည်။ အဆိုပါအခမ်းအနားတွင် အလှူရှင်များ လှူဒါန်းသော ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ အလှူငွေများကို သိမ်တော်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တစန္ဒာသီရိက လက်ခံရယူသည်။ **(က-ပ)**

ကြက်ဆူကျင်းကျေးရွာ ဘက်စုံသင်တန်းဆင်း

ရေစကြို ဩဂုတ် ၂

မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကြက်ဆူကျင်းစံပြစုရှိ အစိုးရ အထက်တန်းကျောင်းခွဲ အားကစားကွင်းရှိ ဘင်ခရာသင်တန်းဆင်းပွဲနှင့် ကြက်ခြေနီသင်တန်းဆင်းပွဲ၊ မီးသတ်သင်တန်းဆင်းပွဲများကို ဇူလိုင် ၂၅ရက် နံနက်က ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ဘက်စုံဖွံ့ဖြိုး

အခမ်းအနားသို့ ကြက်ဆူကျင်း ဘက်စုံဖွံ့ဖြိုးမှုလုပ်ငန်း ဦးဆောင်နာယက ဆရာတော် ဘဒ္ဒန္တကုဏ္ဍက (ဓမ္မာစရိယ၊ ပါဠိပါရဂူ) (မဟာသဒ္ဓမ္မဇောတိကဓဇ)၊ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦး၊ ရေစကြိုမြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဌေးဝင်း၊ အတွင်းရေးမှူး ဦးစန်းဝင်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေ၊ မြို့နယ်ဆောက်လုပ်ရေးအဖွဲ့ အင်ဂျင်နီယာ ဦးဖိုးဝင်း၊ မြို့နယ်ပြန်/ဆက်မှ ဦးတင်အောင်ခိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကြက်ဆူကျင်းတိုက်နယ်ဥက္ကဋ္ဌ ဦးအေးလှိုင်နှင့် တိုက်နယ်တွင်းရှိ ကျေးရွာအုပ်စုများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ တိုက်နယ်ဆေးရုံမှ ကျန်းမာရေး ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် ကြက်ဆူကျင်း အထက(ခွဲ)မှ အထက်တန်းပြဆရာမ ဒေါ်မေမေသင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား သင်တန်းဆင်းများက ချီတက်အလေးပြုပြီး မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားကာ သင်တန်းဆင်းတပ်ဖွဲ့များအား သင်တန်းဆင်း လက်မှတ်များကို တပ်ဖွဲ့ကိုယ်စားလှယ်များအား ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

ကညွတ်ကွင်း ဇူလိုင် ၂၈

ကညွတ်ကွင်းမြို့ ကညွတ်ကွင်းအနောက်ကျေးရွာအုပ်စု၌ စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့် မွေးမြူခြင်းကို ဇူလိုင် ၂၄ရက် နံနက်၈နာရီတွင် ကျင်းပသည်။ **(ယာပုံ)**

ယင်းအခမ်းအနားတွင် တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးသိန်းဌေး၊ ဖြူးမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်၊ ကညွတ်ကွင်း ကွင်းနောက်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးကျော်မိုးဆွေနှင့် ဝန်ထမ်းများသည် တောင်သူ ဒေါ်ကြည်ဝင်းပိုင် လယ်ခုနစ်ဧကအတွင်းသို့ ငါးခုံးမအကောင်ရေ ၃၅၀၀ကို ငါးမျိုးစိုက်ထည့် မွေးမြူရေးပြုလုပ်ခဲ့ကြသည်။ **(၅၂၁)**

ရမည်းသင်းမြို့နယ် တောင်သူကြီးများအား လက်တွန်းထွန်စက် လက်တွေ့သရုပ်ပြ

ရမည်းသင်း ဇူလိုင် ၂၈

ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာနနှင့် မန္တလေးမြို့ ဂွတ်(ဒ်)ဘရားသားစ် ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသော စက်မှုလယ်ယာသုံး ဒေါင်းဖန်း လက်တွန်းထွန်စက် လက်တွေ့သရုပ်ပြသပွဲ အခမ်းအနားကို ဇူလိုင် ၇ရက်က ရမည်းသင်းမြို့နယ် အင်ကြင်းကန် စံပြကျေးရွာ လုပ်သားစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းတွင် ကျင်းပသည်။

ရှင်းလင်း

ရှေးဦးစွာ သရုပ်ပြပွဲအား ဂွတ်(ဒ်)ဘရားသားစ် ကုမ္ပဏီလီမိတက် အရောင်းမန်နေဂျာ ဦးခင်မောင်သန်း၊ မြို့နယ်သမဝါယမ ဦးစီးအရာရှိဦးတင်လှနှင့် အင်ကြင်းကန်ကျေးရွာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း အတွင်းရေးမှူး ဦးကျော်စိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် မြို့နယ်သမဝါယမ ဦးစီးအရာရှိက သရုပ်ပြသရခြင်း ရည်ရွယ်ချက် သုံးချက်ကို လည်းကောင်း၊ ဂွတ်(ဒ်)ဘရားသားစ် အရောင်းမန်နေဂျာက လက်တွန်းထွန်စက်များ၏ အသုံးဝင်မှုတို့အား ရှင်းလင်းကြသည်။

ထို့နောက် ဒေါင်းဖန်း လက်တွန်းထွန်စက်သုံးစီးဖြင့် လက်တွေ့သရုပ်ပြမောင်းနှင်ပြသကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးခင်မောင်ဇော်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြဌေးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းသမဝါယမ ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဂျော်နီ၊ မြို့နယ်သမဝါယမ ဦးစီးဌာနမှ အရာရှိနှင့် ဝန်ထမ်းများ၊ ပတ်ဝန်းကျင် ကျေးရွာများမှ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း အမှုဆောင်များနှင့် အသင်းသားများ၊ လူမှုရေးအသင်း အဖွဲ့အစည်းများနှင့် တောင်သူများ တက်ရောက်လေ့လာကြသည်။ **(၁၁၅)**

မြို့နယ် သတင်းများ

ဝါးခယ်မတွင် သန့်ရှင်းရေး ဆောင်ရွက်

ဝါးခယ်မ ဇူလိုင် ၂၅

ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် အင်ဂျင်နီယာများ၏ ကြီးကြပ်မှုဖြင့် မြို့ရေပေးရေး ရေကန်အတွင်းရှိ အမှိုက်သရိုက်များ၊ ရေညှိရေမှော်များကို မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများသည် ဇူလိုင် ၁၈ရက်က သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။ **(ယာပုံ)**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)တို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် အလှူရှင်များ၏ ထည့်ဝင်ငွေကျပ်သိန်း ၃၆၀ ဖြင့် ရေကောင်းရေသန့်ရရှိရေးအတွက် မြို့ပေါ် ရေပေးရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာတွင် ရေစက်ရုံတည်ဆောက်ခြင်း၊ ရေပိုက်လိုင်းများ သွယ်တန်းခြင်း၊ ရေစုကန်တည်ဆောက်ခြင်း လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရသည်။ **(၁၈၂)**

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ပါရမီရိပ်သာ မြစပယ်လမ်း၊ အမှတ်(၂၆)နေ သူရဦးထွန်းတင်–ဒေါ်မြင့်မြင့်သိန်းမိသားစုနှင့် ကပ္ပတိန်ဦးရဲမြင့်ထွန်း–ဒေါ်မေမေသက် (Dawn Light Co.,Ltd) တို့၏ (၂၅) နှစ်မြောက် ငွေရတုမင်္ဂလာနေ့ အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီး တည်ဆောက်ရန် ငွေကျပ်လေးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်သို့ ဇူလိုင် ၂၆ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဩဂုတ် ၄

ကျေးဇူးရှင် ရှစ်မိုင်–မစိုးရိမ် ဆရာတော်ကြီး စံလွန်တော်မူသည့် (၁၃) နှစ်မြောက် အထိမ်းအမှတ် ကျေးဇူးဆပ်ပူဇော်ပွဲနှင့် ရန်ကုန်မြို့၊ ရှစ်မိုင်–မစိုးရိမ် ရွှေကျင်တိုက်သစ်၌ ဝါဆိုဝါကပ်တော်မူကြမည့် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဥာဏာလင်္ကာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော စာချ/စာသင် သံဃာတော် ၁၁၅ ပါးနှင့် ပင့်သံဃာတော် ၃၅ပါး တို့အား စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲ အခမ်းအနားကို ဩဂုတ် ၈ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ကျင်းပမည် ဖြစ်သည်။

လှူဒါန်းလိုသူ အလှူရှင်များသည် သင်္ကန်းဒွိစုံ ကျပ် ၃၀၀၀ နှုန်းဖြင့်ဖြစ်စေ၊ မိမိတို့အစီအစဉ် ဖြင့် ဖြစ်စေ ရှစ်မိုင်–ရွှေကျင်တိုက်သစ်၊ ဖုန်း–၆၆၂၂၁၃ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

လာရောက်တွေ့ဆုံ

ဩဂုတ်၂ရက်က ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေအား Bangkok Airways မှ Mr. Pradit Theekakul. (Senior Vice President Administration) နှင့်အဖွဲ့က ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ညှိခန်းသို့ လာရောက်တွေ့ဆုံစဉ်။ (ပို့ဆောင်ရေး)

ရန်ကုန် ပညာရေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများအား အမှူးထား၍ ဘီအီးဒီ (အပတ်စဉ်–၂) ကျောင်းသား၊ ကျောင်းသူများက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် အလှူငွေ ကျပ်လေးသောင်းကို ဇူလိုင် ၂၇ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (က–ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ၁၈ဦးနှင့် တက္ကသိုလ်ကျောင်းသား၊ကျောင်းသူ လေးဦးတို့အား ပညာသင်စရိတ် ကျပ်ခြောက်သိန်း ခြောက်သောင်းကို ဇူလိုင် ၂၅ရက်က အမက(၈)တွင် အကျိုးဆောင် ဦးသာဦး၊ ဦးသန်းဝင်းဦး၊ဦးရွှေငွေထွန်းတို့က ရပ်ကွက် ဥက္ကဋ္ဌ ဦးမင်းအောင်သို့ ပေးအပ်စဉ်။ (က–ပ)

Ruby Car Rental
☎ 725317, 650823
Saloon ... Van, Hilux, Pubica ...

သက်ဆိုင်သူများ ကန့်ကွက်လိုက ... (တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	နေရပ်	လျှောက်ထားသည့် မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက ... (တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	နေရပ်	လျှောက်ထားသည့် မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

အမည်ပြောင်းခြင်း

ကျောက်တံတားမြို့နယ်နေ ဦးအိုက်အေး၏သားဖြစ်သူ အထက(၂) ပုဇွန်တောင် နဝမတန်း(ခ)မှမောင်စိုင်းအိုက်လွင်အား မောင်စိုင်းအိုက်လုံဟု ပြောင်းလဲခေါ်ပါရန်။**မောင်စိုင်းအိုက်လုံ။**

အမည်ပြောင်းခြင်း

ဦးခင်ဦး၏သားဖြစ်သူအထက(၁)၊ သာကေတ၊ ဒသမတန်း(K)မှ မောင်သန်းလှိုင်(၁)အား ယနေ့မှစ၍ မောင်သုတဟိန်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်းခြင်း

ဦးကံဆင့်၏သား ရန်ကုန်မြို့ အထက(၂) ဗိုလ်တထောင်၊ ဒသမတန်း(B)မှ မောင်စိုးဟိန်းလတ်အား မောင်လှမျိုးနိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လှမျိုးနိုင်။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် ၄၁၉၀၅၄ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

ကိုသီဟအောင်
ဖုန်း–၀၅၆–၂၁၂၄၄။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅က/၇၇၃၅ လက်ဝယ်ရှိသူမှ မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်)။

(၇)နှစ်မြောက် မွေးနေ့မင်္ဂလာဆုမွန်

စိုးမြတ်နိုးမွန် [Primary-2(A) I.L.B.C]&

[3(B)Prestige International Language And Business Centre]

သည်းချာရင်နှစ် သမီးချစ်လေး **စိုးမြတ်နိုးမွန်** ၅-၈-၂၀၀၄ မှာ ခုနစ်နှစ်မြောက်ပြီ နောင်နှစ်များစွာ မွေးနေ့တွေ၌ မင်္ဂလာအပေါင်း ခယညောင်း၍ လိမ္မာယဉ်ကျေး ထွန်းတောက်စေရေး ဆုမွန်ပေးကာ အသက်ရာကျော် ရှည်ပါစေသော် ။

ဘိုးဘိုး၊ဘွားဘွား
ချစ်ဒယ်ဒီ – ဦးမောင်မောင်စိုး
ချစ်မာမီ – ဒေါ်အေးမွန်ရွှေ

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

